# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 8 February 2021 ၁၀၂၈၂





# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ

## မိုးစွေသစ်တောသုတေသနနှင့် သစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်-တောင်တွင်းကြီးလမ်း ဥတ္တရသီရိမြို့နယ်ရှိ သစ်တောသုတေသနစခန်းအမှတ်(၅) မိုးစွေစခန်းသို့ သွားရောက်၍ သစ်တောဦးစီးဌာန၊ သစ်တောသုတေသနဌာနက ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးစွေသစ်တောသုတေသနစခန်း ရှင်းလင်းဆောင်တွင် သစ်တောသုတေသနဌာန ညွှန်ကြားရေးမှူးက သုတေသနစခန်း ၁၀ ခု ဖွင့်လှစ်ထားရှိပြီး စခန်း ရှစ်ခုတွင် မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း(MRRP) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အဆိုပါစခန်းများအနေဖြင့် ဒေသတွင်း ပေါက်ရောက်သည့် သစ်မျိုးစုံ မျိုးစေ့များအား စုဆောင်းခြင်း၊ ပျိုးထောင်ခြင်း၊ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှု၊ မိုးစွေစခန်းတွင် မြန်မာနိုင်ငံ၌ ကျွန်းအဓိကပေါက်ရောက်သည့် ဒေသရှစ်ခုမှ ကျွန်းမျိုးရိုးဗီဇ ရှစ်မျိုးအား ဧက ၄၀ စမ်းသပ်တည်ထောင်ထားရှိမှု၊ မြန်မာနိုင်ငံအနှံ့အပြားရှိ ကျွန်းမျိုးသန့်မိခင်ပင်(Plus Tree)မှ မျိုးရိုးဗီဇများကို ခန္ဓာပိုင်မျိုးပွားဥယျာဉ် (Hedge Garden)တည်ထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိမှု၊ ဝန်ထမ်းများကိုလည်း လုပ်ငန်းဆောင်ရွက်မှုအနည်းအများကိုလိုက်၍ စခန်း ၁၀ ခုတွင် တာဝန်ချထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

**ကြေးမုံ ယနေ့ဖတ်စရာ**


**ပြည်ထောင်စုမပြိုကွဲရေးအတွက် အရေးကြီးသော နောင်တမျိုး**

ဆောင်းပါး စာမျက်နှာ » ၆

**ညီမလေးသို့ ပေးစာ**

စာမျက်နှာ » ၉

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ မျှဝေပေးရန် ကာကွယ်ဆေး ထိုးနှံပြီးသည့်နိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တိုက်တွန်း**

စာမျက်နှာ » ၁၃

**ဝန်းသိုမြို့နယ်ရှိ ကျေးရွာ ၁၈ ရွာတွင် မြေအောက်ရေရနိုင်စွမ်း ရှိ၊ မရှိ တိုင်းတာခြင်း ပြုလုပ်**

စာမျက်နှာ » ၁၈


# ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာပေါင်း ၁၅၀၀ ကို သောက်သုံးရေ သုံးစွဲမှုဆိုင်ရာ အချက်အလက်များ ကောက်ယူသွားမည်

**မုံရွာ ဖေဖော်ဝါရီ ၇**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၅၀၀ တွင် လက်ရှိအသုံးပြုလျက်ရှိသော သောက်သုံးရေရရှိမှုဆိုင်ရာ အချက်အလက်ကောက်ယူမှုလုပ်ငန်းများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၅၉၉၅ ရွာရှိသည့်အနက် ကျေးရွာပေါင်း ၁၅၀၀ ကို ယခုဘဏ္ဍာနှစ်အတွင်း ကောက်ယူမည်ဖြစ်ပြီး ကျန်ရှိသော ကျေးရွာပေါင်း ၂၃၁၂ ရွာကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အပြီးကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်းက ကျေးရွာပေါင်း ၂၁၈၃ ရွာတွင် အချက်အလက်များ ကောက်ယူပြီးစီးသွားပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျေးရွာတွေမှာ လက်ရှိအသုံးပြုလျက်ရှိတဲ့ ရေအရင်းအမြစ်၊ အများသုံးရေတိုင်စနစ်၊ အိမ်အရောက် ရေပိုက်သွယ်တန်းစနစ်၊ မြေသားရေကန်၊ ကွန်ကရစ်ရေကန်များမှ သုံးစွဲတဲ့စနစ်၊ လက်ရှိအသုံးပြုလျက်ရှိတဲ့စနစ်နဲ့ ကျေးရွာတွေမှာ လုံလောက်မှု ရှိ/မရှိ စတဲ့အချက်အလက်တွေကို ကောက်ယူတာဖြစ်ပါတယ်။ ကောက်ယူပြီးစီးမှုအခြေအနေအရ အဲဒီကျေးလက်ဒေသတွေမှာ နှစ်ရှည်သောက်သုံးရေ အလုံအလောက်ရရှိရေးစီမံချက်တွေကိုလည်း ဆက်လက်ရေးဆွဲသွားပြီး အကောင်အထည်ဖော်လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိခင်ညိုက ပြောသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**


ငွေသွင်း/ငွေထုတ်အတွက်ဆို 24/7 ATM/CRM ရှိတယ်။

C B BANK

ATM/CRM ဝန်ဆောင်မှုများ

- Cash Withdrawal
- Cash Deposit
- Cardless Withdrawal
- Fund Transfer
- Phone Bill Top-up
- Balance Inquiry
- Mini Statement
- PIN Change

www.cbbank.com.mm | 24h Contact Center : 01 231 777 0




ကြေးမုံ

# အများပြည်သူ စိတ်နှလုံးအေးချမ်းဖူးမြော်

မြန်မာပြည်သူ ပြည်သားအများစုသည် နေ့ကြီးရက်ကြီးအခါကာလများတွင် သာမက နေ့စဉ်နေ့တိုင်း ဘုရား၊ စေတီ၊ ပုထိုး၊ ကျောင်းကန်များသို့သွားရောက်၍ ဘုရား၊ တရား၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ကောင်းမှုများ တိုးပွားအောင် ပြုလေ့ရှိသည်။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာရိပ်သည် အရိပ်တကာအရိပ်တွင် အေးချမ်းဆုံးအရိပ်ဖြစ်သည်။

ဘုရား၊ ကျောင်း၊ ကန်အရိပ်အာဝါသများသည် လူတို့စိတ်နှလုံးငြိမ်းချမ်းစေသည်။ ပူပန်သောကများ၊ စိတ်ညစ်နွမ်းမှုများ စသည့် မကောင်းသော စိတ်နှလုံးသားတို့သည် ဘုရားရိပ်၊ တရားရိပ်သို့ရောက်သည်နှင့် ကွယ်ပျောက်၍ ကြည်လင်လန်းဆန်းအေးမြစေသည်။ ထို့ကြောင့် ဘုရား၊ ကျောင်း၊ ကန်များသို့ ပြည်သူများ မကြာခဏသွားရောက်ကြသည်။ ပြီးခဲ့သည့်ကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် စေတီ၊ ဘုရား၊ ပုထိုးများသို့ လာရောက်ဖူးမြော်ခြင်းကို ရပ်ဆိုင်းထားသည်။

မြန်မာနိုင်ငံရှိ စေတီဘုရားများတွင် အထင်ရှားဆုံးဖြစ်သည့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ခွင့် ယာယီရပ်ဆိုင်းထားသည်မှာ ၁၀ လတာကာလရှိပြီဖြစ်၍ အများပြည်သူတို့မှာ အဝေးမှပင် ရည်မှန်းဖူးမြော်ကြရပေသည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီး၊ ကုသရေး လုပ်ငန်းစဉ်များကို ထိထိရောက်ရောက်လုပ်ကိုင်နိုင်သောကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော်များ၏ ဩဝါဒနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ယနေ့မှစတင်၍ ဖူးမြော်ကြည်ညိုခွင့်ရရှိပြီ ဖြစ်သည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးကဲ့သို့ အခြားစေတီဘုရားများတွင်လည်း ဖူးမြော်ကြည်ညိုခွင့်ရရှိကြသည့်အပြင် မြန်မာပြည်တစ်ဝန်းရှိ ဒေသအသီးသီးမှ စေတီဘုရားအားလုံးတွင်လည်း ဖူးမြော်ကြည်ညိုခွင့်ရရှိကြပြီဖြစ်ရာ ပြည်သူအများ ဝမ်းမြောက်ဝမ်းသာ စိတ်နှလုံးချမ်းသာကြမည်ဖြစ်သည်။ လက်ရှိကာလကဲ့သို့ စိတ်နှလုံးပူပန်နေသောကာလတွင် စေတီဘုရားများအား ဖူးမြော်ကြည်ညိုခြင်းသည် အကောင်းဆုံးသော ကိုယ်စိတ်နှလုံး သန့်စင်ခြင်းပင် ဖြစ်သည်။ လများရှည်ကြာစွာ ဘုရားဖူးပြည်သူများနှင့်ကင်းကွာခဲ့သော စေတီဘုရားများအား ကုသိုလ်ပြုသန့်ရှင်းခြင်း၊ ရောင်တော်ဖွင့်ကြခြင်း၊ ပန်း ရေချမ်းကပ်လှူခြင်းဖြင့် လက်ရှိဘဝသာမက နောင်တမလွန်အတွက်ပါ ကောင်းသောအကျိုးတရားများ တိုးပွားစေမည်ဖြစ်သည်။

ဘုရားဖူးမြော်ခြင်းအစီအစဉ်ကို ဖေဖော်ဝါရီလ ၈ ရက်နှင့် ၉ ရက်နေ့တို့တွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေးကို ဦးစားပေးခွင့်ပြုထားပြီး ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများအား ဖူးမြော်ခွင့်ဦးစားပေးထားသည်ကို နားလည်ပေးရမည်ဖြစ်သည်။ ဖေဖော်ဝါရီလ ၁၁ ရက်နေ့မှစတင်၍ ရဟန်း၊ ရှင်လူ၊ ပြည်သူအားလုံး ဖူးမြော်ခွင့်ရရှိလာမည်ဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ကူးစက်ရောဂါမှာ အရှင်းမပျောက်သေးသဖြင့် ဘုရားဖူးမြော်ခြင်းကို အပြည့်အဝဖူးမြော်ခွင့် မရရှိနိုင်သေးသည်ကိုလည်း နားလည်ပေးရမည်ဖြစ်သည်။ ယခုအခြေအနေသည် ဘုရားဖူးမြော်ရန်သက်သက်ဖြစ်ပြီး ဘုရားတွင် လူစုလူဝေးဖြင့် အလှူအတန်းပွဲလမ်းသဘင်များကို ခွင့်မပြုသေးသည်ကို သတိပြုရမည်ဖြစ်သည်။

ဘုရားဖူးမြော်ရန်အတွက် လူဦးရေကန့်သတ်ထားခြင်း၊ မှတ်ပုံတင် စာရင်းသွင်းခြင်း၊ ဖူးမြော်ချိန်ကာလအကန့်အသတ်ရှိခြင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းကမ်းနှင့်အညီ လိုက်နာဖူးမြော်စေခြင်းတို့နှင့်ပတ်သက်၍ အသိတရားဖြင့် ပါဝင်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် လူအများအပြား လာရောက်ဖူးမြော်ကြည်ညိုလေ့ရှိသော တန်ခိုးကြီးဘုရားများတွင် သတ်မှတ်ထားသော စည်းကမ်းများကို ပိုမိုအလေးထားကြရမည်ဖြစ်သည်။ ဘုရားဖူးမြော်ရာတွင် အခြေအနေအချိန်အခါအရ ကန့်သတ်ချက်များ၊ စည်းကမ်းများ များနေသည်ကို နားလည်ကြရမည်ဖြစ်သည်။

ယခုဖေဖော်ဝါရီလမှစတင်၍ ကောင်းမွန်သော အပြောင်းအလဲများ စတင်လိုက်ခြင်းဖြင့် ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့အောင် ဖန်တီးကြသင့်ပါသည်။ ကာလရှည်ကြာစွာ မွန်းကျပ်မှုများကြားမှ စတင်လွတ်မြောက်လာသည့် အချိန်ကာလဟု ဆိုရမည်ဖြစ်သည်။ ဘုရားဖူးခြင်း၊ ခရီးသွားခြင်း အစီအစဉ်များသည် ပြည်သူများ အနှစ်သက်ဆုံး၊ လိုလားတောင့်တဆုံး အစီအစဉ်များဖြစ်သည်။ ယင်းအစီအစဉ်များကို ယခုအခါ စတင်နိုင်ပြီဖြစ်သည်။ ကောင်းသောအစီအစဉ်များဖြစ်၍ ကုသိုလ်လည်းရ၊ စိတ်လည်းချမ်းသာ၊ မင်္ဂလာလည်း ရှိအောင် စည်းကမ်းလိုက်နာခြင်းဖြင့် ဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံတိုက်တွန်းအပ်ပါသည်။ `။

## ၂၀၂၂ ခုနှစ်၊ (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁) ရာစုပင်လုံ” မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး။

(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၅) အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များ ပြုစုပျိုးထောင်ရေး။




**ညီညွတ်ခြင်းသည် စွမ်းအင် စည်းလုံးခြင်းလျှင် ခွန်အား ပြည်ထောင်စု၏ နှလုံးသား။**

**တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ။**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | - ဦးဝေမင်းသူနှင့်အဖွဲ့ |
| အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၃၀ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဦးမောင်မောင်အုန်းအား ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၃၁ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးသန်းအောင်ကျော် | ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးရဲတင့် | ပြန်ကြားရေးဝန်ကြီးဌာန |
| (၃) | ဗိုလ်မှူးချုပ် ဇော်မင်းထွန်း | ပြန်ကြားရေးဝန်ကြီးဌာန |
| (၄) | ဗိုလ်မှူးချုပ် လူမွန် | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၅) | ဦးညွန့်အောင် | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |
| (၆) | ဦးမျိုးလှိုင် | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၃၂ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

(၁) ဦးခင်မောင်ကြီး
(၂) ဦးတင်ဟုန်
(၃) ဒေါ်ခင်မေရီ

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် (၃၃ / ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်များ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဦးဖြိုးဖြိုး | စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် |
| (၂) | ဒေါ်ခင်သင်းဝေ | မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် |
| (၃) | ဒေါ်သင်းသင်းနွဲ့ | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |

အမိန့်အရ

(ပုံ)အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

* ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သစ်တောသုတေသနစခန်းများတွင် ဝန်ထမ်းများ တာဝန်ချထားခြင်းနှင့်ပတ်သက်၍ ဝန်ထမ်းအင်အား လိုအပ်မှုရှိပါက တင်ပြတောင်းခံသွားရန်လိုကြောင်း၊ ကျွန်းအဓိကပေါက်ရောက်သည့် ဒေသရှစ်ခုမှ ကျွန်းမျိုးရိုးဗီဇရှစ်မျိုးအား စမ်းသပ်တည်ထောင်ခြင်းနှင့်ပတ်သက်၍ ကျွန်းပင်ပေါက်ရောက်မှု ကောင်းမွန်သည့် မျိုးရိုးဗီဇများကို ပိုမိုကောင်းမွန် ပြုစုပျိုးထောင်သွားရန်လိုကြောင်း၊ ဌာနစိုက်ခင်းများနှင့် ပုဂ္ဂလိကစိုက်ခင်းများတွင် အဆိုပါ ရှင်သန်ကြီးထွားမှုကောင်းမွန်သော မျိုးသန့်ပျိုးပင်များကို ဖြန့်ဝေစိုက်ပျိုးသွားရန်လိုကြောင်း၊ စိုက်ပျိုးမည့်ဒေသ၏ မြေအမျိုးအစားနှင့် ရာသီဥတုအခြေအနေကိုလိုက်၍ မည်သည့်သစ်မျိုး စိုက်ပျိုးသင့်သည်ကို သုတေသနပြုလုပ်၍ အကြံပြုသွားရန်လိုအပ်ကြောင်း၊ စီးပွားရေးအရ အကျိုးအမြတ်ရှိမည့် သစ်မျိုးများကို ပုဂ္ဂလိကစိုက်ခင်းများတွင် စိုက်ပျိုးနိုင်ရေးအတွက် သုတေသနပြုလုပ်၍ တွေ့ရှိချက်ရလဒ်များကို ဖြန့်ဝေပေးသွားရန်လိုကြောင်း၊ သစ်တောသုတေသနဌာနမှ သစ်စေ့ထုတ်ဧရိယာများ တည်ထောင်ခြင်း၊ Plus Tree များ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ပိုမိုအားထည့်ဆောင်ရွက်သွားရန်လိုကြောင်း၊ ၎င်းအပြင် စိုက်ခင်းများတွင် ကျရောက်တတ်သည့် ရောဂါပိုးမွှားများနှင့်ပတ်သက်၍ သုတေသနပြုလုပ်၍ ကာကွယ်နှိမ်နင်းနိုင်သည့် နည်းလမ်းများကို ဌာနစိုက်ခင်းနှင့် ပုဂ္ဂလိကစိုက်ခင်းများသို့ ဖြန့်ပေးသွားရန်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် တည်ထောင်သည့် စိုက်ခင်းများတွင် Pot tube ဖြင့် ပျိုးထောင်ထားသော ပျိုးပင်များထည့်သွင်းစိုက်ပျိုး၍ ၎င်းအပင်များ ကြီးထွားရှင်သန်မှုကို ပျိုးအိတ်ဖြင့် ပျိုးထောင်၍ တည်ထောင်သည့် စိုက်ခင်းအခြေအနေနှင့် နှိုင်းယှဉ်စမ်းသပ် သုတေသနအကွက်များပြုလုပ်၍ စနစ်တကျ မှတ်တမ်းတင်လေ့လာတင်ပြသွားရန်လိုကြောင်း။

သုတေသနလုပ်ငန်းများကို မိမိအနေဖြင့် ပိုမိုအလေးထား အားပေးလိုပါကြောင်း၊ သုတေသနရလဒ်များအပေါ်မူတည်၍ ဌာနစိုက်ခင်းနှင့် ပုဂ္ဂလိကစိုက်ခင်းများ ရှင်သန်အောင်မြင်ရေးနှင့် အပင်များတွင် ကျရောက်တတ်သည့် ပိုးမွှားရောဂါအန္တရာယ် ကာကွယ်နိုင်ရေးအတွက် ပိုမိုအကြံပြုပေးနိုင်မည်ဖြစ်ပါကြောင်း၊ သုတေသနဌာနအတွက် လိုအပ်သည့် ဝန်ထမ်းအင်အားနှင့် ဘတ်ဂျက်များကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုးစွေသုတေသနစခန်းတွင် တည်ထောင်ထားရှိသည့် ပျိုးဥယျာဉ်သို့သွားရောက်ကာ သစ်စေ့ပျိုးထောင်ခြင်း၊ ပျိုးပင်ကူးပြောင်းခြင်းနှင့် ပျိုးထောင်ထားရှိသည့် ပျိုးပင်ကြီးများ၊ Pot tube ဖြင့် ပျိုးထောင်ထားသော ပျိုးပင်များကို စမ်းသပ်စိုက်ပျိုးခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-တောင်တွင်းကြီး လမ်းဘေးတွင် ၂၀၀၈ ခုနှစ်က တည်ထောင်ထားရှိသည့် တစ်ရှူးနည်း၊ အညွန့်ကိုင်းထိုးခြင်း၊ ပျိုးအိတ်၊ လတ်ဆတ်သည့် ကိုင်းထိုးနည်းနှင့် ကိုင်းကူးကိုင်းဆက်နည်း ငါးမျိုးဖြင့် စမ်းသပ်ပျိုးထောင်၍ block ငါးခုခွဲကာ စိုက်ပျိုးထားသည့် planting stock trail ၂ ဒသမ ၂၈ ဧကကို လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်က တည်ထောင်ထားရှိသည့် ကျွန်းမျိုးသန့် ဥယျာဉ်နှစ်ဧကကို လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်က တည်ထောင်ထားရှိသည့် ကျွန်းရောနှောစမ်းသပ်ကွက် ၁ ဒသမ ၅ ဧကကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ်က တည်ထောင်ထားရှိသည့် ခန္ဓာပိုင်းမျိုးထုတ်ဥယျာဉ် နှစ်ဧကကိုလည်းကောင်း၊ ၁၉၈၈ ခုနှစ်က တည်ထောင်ထားရှိသည့် ကျွန်းအနက်စင်း စမ်းသပ်ကွက် ခြောက်ဧက၊ ၁၉၈၀ ပြည့်နှစ်က တည်ထောင်ထားရှိသည့် ပိတောက်ကိုင်းချိုင်ခြင်း စမ်းသပ်ကွက် ၁၀ ဧကတို့ကိုလည်းကောင်း လှည့်လည်စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် (၃၄ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါ်မန်ဟောက်ချန် | ချင်းပြည်နယ်တရားလွှတ်တော် |
| (၂) | ဦးဇော်ထူး | စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် |
| (၃) | ဒေါ်ခင်သစ်ဆွေ | မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် |
| (၄) | ဦးညိုထွန်း | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြို့တော်ဝန်ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်(၃၅/ ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**မြို့တော်ဝန်ခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးကျော်ဆန်းအား မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီတွင် မြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယမြို့တော်ဝန်ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်( ၃၆ / ၂၀၂၁)
၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်

**ဒုတိယမြို့တော်ဝန်ခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးမောင်မောင် အား နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် ဒုတိယမြို့တော်ဝန်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် အရပ်သားပြည်သူများ ဆေးကုသမှု လာရောက်ခံယူ၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်၊ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဆေးဝါးကုသရန်ခက်ခဲလျက်ရှိသော သံဃာတော်များ၊ ဒေသခံပြည်သူများ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော် ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများကို ပြင်ဆင် ဆောင်ရွက်ထားရှိကာ တပ်မတော်မှ ပါရဂူများ၊ ဆေးမှူး များ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေး ပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများကို ခွဲစိတ်ပေး ခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများ ကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင် စားသောက်ရေးအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ တွင် ဆေးရုံလာရောက်ပြသသူ ၂၄ ဦးရှိပြီး ဆေးရုံ တက်ရောက်ကုသမှု ခံယူနေသူ ၁၇ ဦးရှိကြောင်း သိရသည်။

အဆိုပါ ဆေးရုံလာရောက်ပြသနေသူများနှင့် ဆေးရုံ တက်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမိုးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု အားပေးပြီး ဆေးရုံတက်ပြည်သူများအား စားသောက် ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြား ခဲ့သည်။

အလားတူ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ သံဃာတော် တစ်ပါးနှင့် ဒေသခံ ပြည်သူ ၂၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တပ်မတော်ဆေးရုံသို့ ဒေသခံပြည်သူ ၁၅ ဦးနှင့် ကော့သောင်းမြို့ရှိ တပ်မတော်ဆေးရုံသို့ ဒေသခံပြည်သူ ၁၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော် ဆေးရုံသို့ ဒေသခံပြည်သူ ၇၆ ဦး၊ ချင်းပြည်နယ် ဟားခါးမြို့ရှိ နယ်မြေခံတပ်နယ်ဆေးတပ်ဆွယ်၌ ဖွင့်လှစ်ထားရှိသည့် ယာယီကုသရေးဆေးရုံသို့ ဒေသခံတိုင်းရင်းသားပြည်သူ ၁၄ ဦး၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံတပ်ရင်းရှိ ယာယီကုသရေးဆေးရုံသို့ ဒေသခံ ပြည်သူ ၁၂ ဦး လာရောက်ပြသကြရာ တပ်မတော်မှ ပါရဂူ များ၊ ဆေးမှူးများနှင့် သူနာပြုများက ကျန်းမာရေးစစ်ဆေး ပေးခြင်း၊ ခွဲစိတ်ကုသရန် လိုအပ်သူများကို ခွဲစိတ်ကုသပေး ခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ချယ်ရီမွန်ဘော်ဒါဆောင်နှင့် ပုသိမ်တပ်နယ် အားကစား ခန်းမတို့တွင်လည်း ဒေသခံပြည်သူများ ဆေးရုံတက်ရောက် ကုသနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများနှင့် ပြင်ဆင်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# တံခွန်တိုင်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဖေဖော်ဝါရီ ၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တံခွန်တိုင် ကျေးရွာ၌ တံခွန်တိုင်နယ်မြေရဲတပ်ဖွဲ့ဝင်များက ဦးဆောင် ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခြင်းကို ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ အခြေခံ ပညာအထက်တန်းကျောင်းဝင်းအတွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်း ဆောင်ရွက်ခြင်းကို နယ်မြေခံရဲစခန်းမှ စခန်းမှူးရဲအုပ် ကျော်မျိုးနိုင်နှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံမီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများက စုပေါင်း ပြီး ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရေးအတွက် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ကောက်ယူကာ စနစ်တကျစွန့်ပစ်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

✻ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ

ကျေးလက်ဒေသသောက်သုံးရေ ရရှိမှုဆိုင်ရာအချက်အလက်များကို အသုံးချပြီး ၂၀၂၁ ခုနှစ် ဧပြီလအတွင်း တိုင်းဒေသကြီးရုံးများစိုက်ရာ မုံရွာမြို့နယ်၏ ၁၀ နှစ်စီမံချက်ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလကုန်တွင် မြို့နယ် ၁၀ ခု၌ ၁၅ နှစ်စီမံချက်ကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလအတွင်း မြို့နယ် ၂၁ ခု၏ ၁၀ နှစ်စီမံချက်များ ကိုလည်းကောင်း ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ ဆရာတော်အား ဖူးမြော်ကြည်ညို၊ ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုခွင့်ပြုနိုင်ရေး ကြိုတင်စီမံဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဖေဖော်ဝါရီ ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၁၀ နာရီတွင် တာဝန်ရှိသူများနှင့်အတူ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ သြဝါဒါစရိယ အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**ဖူးမြော်ကြည်ညိုနိုင်ရေး**

ထိုသို့ ဖူးမြော်ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် ဆောင်ရွက်ချက်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဘုရားစေတီများအား ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တားဆီးကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အမြန်ဆုံး ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု၊ သာသနာရေးကိစ္စ ဆောင်ရွက်ရာတွင် သာသနာတော် တည်တံ့ပြန့်ပွားစေရေး၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် တိုးတက်ထွန်းကားစေရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများကို တင်ပြလျှောက်ထားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်ကြီးထံမှ သြဝါဒကထာများ နာယူကြည်ညိုကြသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဖူးမြော်ကြည်ညိုခွင့်ပြုနိုင်ရေး ကြိုတင်စီမံဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် စေတီတော်မြတ်ကြီးကို ဖူးမြော်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဂေါပကအဖွဲ့ဝင် ဦးသောင်းထိုက်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျ ဖူးမြော်ကြည်ညိုနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။



**သတင်းစဉ်**

# ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများကို ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ခွင့်ပြုပေးသွားမည်ဖြစ်ရာ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို တရားဘာဝနာပွားများနိုင်ရေးနှင့် ဘုရားစေတီပုထိုးများ၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ စူဠာမုနိ လောကချမ်းသာစေတီတော်မြတ်ကြီးနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာမှုရှိစေရေးအတွက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကြီးတပ်နယ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးကြပြီး ထိုသို့ဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စေတီတော်အတွင်း တည်ထားကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ တာချီလိတ်မြို့၊ မိုင်းဖြတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ မရမ်းကုန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ မှော်ဘီမြို့နယ်၊ တိုက်ကြီးမြို့နယ်၊ လှည်းကူးမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ အမရပူရမြို့၊ ပြင်ဦးလွင်မြို့၊ ကျောက်ဆည်မြို့၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပုဂံမြို့၊ မိတ္ထီလာမြို့၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ မင်းဘူးမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ရေတာရှည်မြို့၊ ပြည်မြို့၊ ပန်းတောင်းမြို့နှင့် ပဲခူးမြို့တို့ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီပုထိုးများ၌ ဘုရားရင်ပြင်တော်များ၊ ကျောင်းဆောင်အဆောက်အအုံများ၊ ဝင်လမ်း၊ ထွက်လမ်းနေရာများနှင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



**သတင်းစဉ်**

# ဆီဆိုင်မြို့နယ်၌ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် ဖေဖော်ဝါရီ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်အတွင်း ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူတို့က ဖေဖော်ဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၄၉ ဒသမ ၉၆၆ သန်းဖြင့် တဘက်ကျေးရွာအုပ်စုနှင့် ကုန်းဆွတ်ကျေးရွာအုပ်စုချင်းဆက်လမ်းဖြစ်သည့် ဝိန်းကောင်-နောင်ခမ်း-နောင်ပီ-လုံစံ-နောင်ချိုသွား မြေသားလမ်း (၇/၀)မိုင်အနက် (၂/၀)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၉၁ ဒသမ ၆၄၇ သန်းဖြင့် လွယ်ပွတ်ကျေးရွာအုပ်စုအတွင်းရှိ လွယ်ပွတ်-လိုက်ပေး-ဘန်းနောင်ကား (၅/၀)မိုင်အနက် (၁/၄)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြီးစီးပါက ရာသီမရွေးလွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# လေးမျက်နှာမြို့နယ်၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေး

**လေးမျက်နှာ ဖေဖော်ဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွန်းတဲကျေးရွာရှိ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျွန်းတဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်သူ ၂၃ ဦး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်သူ ရှစ်ဦး စုစုပေါင်း စီမံကိန်းအသင်းဝင်ပေါင်း ၇၉ ဦးအတွက် ငွေကျပ် ၂၉၄ သိန်းအား စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် တတိယအကြိမ် ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဟိန်း(လေးမျက်နှာ)**



# ရေနံချောင်းမြို့နယ်၌ လျှော်ဖြူကေ ၂၀၀ နီးပါး စိုက်ပျိုးထားရှိ

**ရေနံချောင်း ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ လျှော်ဖြူ ကေ ၂၀၀ နီးပါး စိုက်ပျိုးထားရှိကြောင်း ရေနံချောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

"ကျွန်မတို့စိုက်ပျိုးထားတဲ့ လျှော်ဖြူပင်က တစ်နှစ်ကျော်ကျော်အရွယ်ပဲ ရှိသေးတယ်။ အပင်ရဲ့အစေးထုတ်တဲ့အရွယ် မဟုတ်သေးပါဘူး။ အဓိက မိုးရေအပြင် ရံဖန်ရံခါ ရေသွင်းပေးနိုင်ရင် ပိုကောင်းပါတယ်။ ပြည်တွင်းဈေးကွက်ကို အဓိကထားပြီး လုပ်ကိုင်တာပါ"ဟု လျှော်ဖြူစိုက်ပျိုးထားသည့် ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ရေနံချောင်းမြို့နယ်၌ လျှော်ဖြူပင် စုစုပေါင်း ၁၉၉ ကေတွင် တစ်ကေလျှင် ၃၄၅ ပင်ရှိပြီး လျှော်ဖြူကို တစ်ပင်နှင့်တစ်ပင် ၁၅ ပေခြား၊ ၁၀ ပေခြား၊ ခြောက်ပေခြား စိုက်ပျိုးကြကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

# ပြည်ထောင်စုမပြိုကွဲရေးအတွက် အရေးကြီးသော နောင်တမျိုး

## အောင်ဇေယျ

★ အမြော်အမြင်ရှိသော မြန်မာခေါင်းဆောင်တို့က လွတ်လပ်သော ကြားနေရေး (နိုင်ငံရေး) မူဝါဒကို ကျင့်သုံးလိုက်သည်။ မြန်မာ့မြေပေါ်တွင် နိုင်ငံခြားမြေပေါ်တွင် နိုင်ငံခြား စစ်စခန်းချခွင့်မပေးဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းခဲ့သည်။ ကမ္ဘာကျော် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို တရုတ်နှင့်အတူ ထုတ်ပြန်ကြေညာခဲ့သည်။

★ စင်စစ် အမေရိကန်က မြန်မာကို မဟာမိတ်အဖြစ် ပိုပြီးလိုချင်သည်။ တင်ပြခဲ့သော နိုင်ငံတွေက တရုတ်နှင့်ဝေး၏။ ကြားတွင် နိုင်ငံနှင့် သမုဒ္ဒရာများ ခံနေ၏။ မြန်မာက တရုတ်နှင့် ခြံစည်းရိုးသာ ခြားသည်။ တရုတ်နောက်ကျောဘက်တွင်ရှိသည်။ မြန်မာသာ သူ့ဘက်ပါလျှင် တရုတ်ကိုကောင်းကောင်းဒုက္ခပေးနိုင်မည်။ ထို့ကြောင့် ကြည့်တတ်ပါလျှင် ဒုတိယကမ္ဘာစစ်ပြီးသည်မှ ယနေ့ ၂၀၁၂ အထိ ခန္ဓာကိုယ်ထဲဝင်ရန် ချောင်းနေသော ဗိုင်းရပ်စ်ကဲ့သို့ နိုင်ငံအစိတ်အပိုင်း တစ်ခုခုထဲဝင်၍ ခြေကုပ်ယူနိုင်အောင် ကြိုးစားခဲ့ ၊ ကြိုးစားဆဲ၊ ကြိုးစားနေဦးမည့် ဖြစ်ရပ်နှင့် အလားအလာအန္တရာယ်တွေကို မြင်နိုင်သည်။

**ပထမ နောင်တမျိုး**

နယ်ချဲ့အင်္ဂလိပ်သည် ကျူးကျော်စစ်သုံးကြိမ်ပြု၍ မြန်မာ့ပဒေသရာဇ်ခေတ်ကို အဆုံးသတ်ခဲ့သည်။ အင်္ဂလိပ်လက်အောက်တွင် မြေပေါ်မြေအောက် သယံဇာတများ ထုတ်ယူသည်။ စီးပွားရေးလုပ်ငန်းများ လက်ဝါးကြီးအုပ်ခံရသည်။ မိစ္ဆာဘာသာ အယူဝါဒ ခြေကုပ်ဝင်ယူသည်။ ကျွန်သက်ရှည်အောင် ကျွန်ပညာရေးသင်ပေးသည်။ ကျွန်စိတ်အသွင်း ခံရသည်။ တောင်ပေါ်၊ မြေပြန့် တိုင်းရင်းသားချင်း သွေးခွဲခံရသည်။ လယ်သမား၊ အလုပ်သမား ပြည်သူများ ဆင်းရဲတွင်းနက်ခဲ့သည်။ အမျိုးဘာသာ သာသနာ ဖိနှိပ်ခံရသည်။

နှစ်ပေါင်းတစ်ရာကျော် ခစားပြီး နိုးကြားလာသော ဇာတိမာန်၊ ဖြစ်တည်လာသော မျိုးချစ်စိတ်ကို ကျစ်လျစ်လာသော စည်းလုံးမှု၊ ပိုင်ဆိုင်လာသော ခေတ်မီစစ်ပညာတို့ကြောင့် လုယူခံရသော လွတ်လပ်ရေးကိုပြန်ရသည်။

နိုင်ငံဆုံးရှုံးမှုအတွက် အမျိုးသားတစ်ရပ်လုံး နောင်တရခဲ့ဖူးကြသည်။ နောင်တရပြီဆိုလျှင် မူလအခြေအနေပြန်ရောက်ရန် ခဲယဉ်းသွားသည်။ အချိန်များစွာ အသက်သွေးချွေးများစွာ ပေးဆပ်ပြီးမှ ပြန်ရနိုင်သည်။ အရင်းအတိုင်း ပြန်ရနိုင်ပါက ကံကောင်းလှသည်။ အစိတ်အပိုင်း ကျန်ခဲ့လျှင်ရှုံးသည်။ အစိတ်စိတ်ကွဲသွားသော် အရင်းပြုတ်၏။ မည်သို့မှ နာလန်မထူနိုင်တော့ပေ။

ထို့ကြောင့် နောင်တသည် အရေးကြီး၏။ နိုင်ငံသမိုင်းတွင် နောက်ထပ်နောင်တ မရှိဖို့လို၏။ အကောင်းနှင့်အဆိုး ဖြစ်ချင်တာနှင့်မဖြစ်ချင်တာ မှန်ကင်းနှင့်ထင်းကို ပိုင်းခြားထားသော နောင်တမျဉ်း Regret line ကို မဖြတ်ကျော်မိဖို့ လိုအပ်သည်။

သီပေါလက်ထက်တွင် ဘယ်အချိန်တွင် နောင်တမျဉ်းကို ဖြတ်ကျော်သွားသည်ကို ရှာဖွေကြည့်သည်။ မင်းညီမင်းသားတွေ အသတ်ခံရပြီး သီပေါနန်းရခြင်းလား။ စုဖုရားလတ်က တိုင်းရေးပြည်ရာမှာ ဝင်ပါလို့လား၊ ကင်းဝန်-တိုင်တား မညီညွတ်လို့လား။ ခေတ်မီ စစ်တပ်မရှိလို့လား။ စစ်တပ်အဖျက်ခံရသည့် သဘောဆောင်သော မခုခံရ အမိန့်ကြောင့်လား။ ပြောရလျှင် ခေါင်းဆောင်ညံ့ကို တင်မိတာဟာ နောင်တမျဉ်းဟု ပြောလို့ရမည်ထင်သည်။

မည်သို့ဆိုစေ လွတ်လပ်ပြီး မြန်မာနိုင်ငံသည် မှန်ကင်းနှင့်ထင်း နောင်တမျဉ်းကို ထပ်မံမဖြတ်မိရန် အလွန်အရေးကြီးပေသည်။

**ဒုတိယ နောင်တမျဉ်း**

နိုင်ငံ၏ ပထဝီတည်နေရာကြောင့် ရှိခဲ့၊ ရှိဆဲ၊ နောင်ဆက်ရှိနိုင်မည့် အန္တရာယ်ကို ဦးစွာဖော်ပြပါမည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် ဥရောပ၌ ကွန်မြူနစ်နိုင်ငံများ မှိုလိုပေါက်လာသောကြောင့် အမေရိကန်က မာရှယ်စီမံကိန်းဖြင့် ရင်ဆိုင်ရာ အောင်မြင်ခဲ့သည်။ အာရှတွင် ကွန်မြူနစ်ဝါဒ မပြန့်အောင် တရုတ်ပြည်ကို Containment policy ခေါ် ဝိုင်းပတ်လည် ပိတ်ဆို့နည်းဖြင့် ထိန်းချုပ်သည်။ ဒါတောင် ဗီယက်နမ်၊ ကိုရီးယားတို့ နှစ်ပိုင်းအကွဲခံလိုက်ရသည်။ တရုတ်ပြည်ပတ်လည်၌ အမေရိကန်၏ မိတ်ဖက်နိုင်ငံများဖြစ်သော ဂျပန်၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယား၊ တောင်ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့ဖြင့် ဝိုင်းပတ်ထားသည်။ သို့သော် မြန်မာ အရောက်၌ ကွင်းဆက်ပြတ်သွားသည်။

အမြော်အမြင်ရှိသော မြန်မာခေါင်းဆောင်တို့က လွတ်လပ်သော ကြားနေရေး (နိုင်ငံရေး) မူဝါဒကို ကျင့်သုံးလိုက်သည်။ မြန်မာ့မြေပေါ်တွင် နိုင်ငံခြားမြေပေါ်တွင် နိုင်ငံခြား စစ်စခန်းချခွင့်မပေးဟု အခြေခံဥပဒေတွင် ပြဋ္ဌာန်းခဲ့သည်။ ကမ္ဘာကျော် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို တရုတ်နှင့်အတူ ထုတ်ပြန်ကြေညာခဲ့သည်။

စင်စစ် အမေရိကန်က မြန်မာကို မဟာမိတ်အဖြစ် ပိုပြီးလိုချင်သည်။ တင်ပြခဲ့သော နိုင်ငံတွေက တရုတ်နှင့်ဝေး၏။ ကြားတွင် နိုင်ငံနှင့် သမုဒ္ဒရာများခံနေ၏။ မြန်မာက တရုတ်နှင့် ခြံစည်းရိုးသာ ခြားသည်။ တရုတ်နောက်ကျောဘက်တွင် ရှိသည်။ မြန်မာသာ သူ့ဘက်ပါလျှင် တရုတ်ကို ကောင်းကောင်းဒုက္ခပေးနိုင်မည်။ ထို့ကြောင့် ကြည့်တတ်ပါလျှင် ဒုတိယကမ္ဘာစစ်ပြီးသည်မှ ယနေ့ ၂၀၁၂ အထိ ခန္ဓာကိုယ်ထဲဝင်ရန် ချောင်းနေသော ဗိုင်းရပ်စ်ကဲ့သို့ နိုင်ငံ အစိတ်အပိုင်း တစ်ခုခုထဲဝင်၍ ခြေကုပ်ယူနိုင်အောင် ကြိုးစားခဲ့၊ ကြိုးစားဆဲ၊ ကြိုးစားနေဦးမည့် ဖြစ်ရပ်နှင့် အလားအလာအန္တရာယ်တွေကို မြင်နိုင်သည်။

နောက်တစ်မျိုးကို စဉ်းစားကြည့်ကြပါစို့။ လွတ်လပ်ရေးရစ မြန်မာက အမေရိကန်ဘက် ယိမ်းလျှင် ဘာဖြစ်မည်နည်း၊ နတ်ရေကန်ထဲ ပစ်ချလိုက်သလို နေ့ချင်းညချင်း လောကနိဗ္ဗာန် ရောက်သွားလိမ့်မည် ထင်ပါသလား။ ပေါက်ဖော်ကြီးက ငြိမ်နေမှာမဟုတ်။ အမေရိကန်တပ်တွေကို သူ့စည်းရိုးအစပ်အထိ အကပ်ခံမည်မဟုတ်။ တရုတ်တပ်များ ချက်ချင်း ပြုဆင်းဝင်ရောက်လာလိမ့်မည်။ မြောက်မြန်မာ–တောင်မြန်မာ ဖြစ်သွားလိမ့်မည်။

သို့သော် အမြော်အမြင် ရှိသော ခေါင်းဆောင်များ၏ မူဝါဒရပ်တည်မှု မှန်ကန်သောကြောင့် ပြည်ထောင်စု မပြိုကွဲခဲ့ချေ။ ဤမူဝါဒမှာ နောင်တမျဉ်းဖြစ်သည်။ နောင်တမျဉ်းကို မကျော်သဖြင့် ဆိုးဆိုးရွားရွား မကြုံခဲ့ရသောကြောင့် ထိုခေါင်းဆောင်တို့၏ ကျေးဇူးကို မသိ မမြင် အမှတ်မထင် ရှိခဲ့ကြသည်။ အကယ်၍သာ နောင်တမျဉ်းကိုကျော်ခဲ့၍ နိုင်ငံနှစ်ခြမ်းကွဲခဲ့ပါမူ ယနေ့ ခေါင်းဆောင်များကို ဆဲဆိုအပြစ်တင်နေကြပေလိမ့်မည်။

ထို့ကြောင့် ပြည်ထောင်စု ပြိုကွဲသွားနိုင်သော ဒုတိယ နောင်တမျဉ်းကို မြန်မာတို့ မဖြတ်ကျော်ခဲ့ချေ။ ဒီအတွက် နောင်တရစရာ မဖြစ်ခဲ့ချေ။

**တတိယ နောင်တမျဉ်း**

အိမ်စောင့်အစိုးရသည် အစိုးရသက်တမ်း လေးလကျန်ရှိနေသေးသော်လည်း ၁၉၆၀ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ရွေးကောက်ပွဲ ကျင်းပပေးခဲ့သည်။ သန့်ရှင်းဖဆပလနိုင်သည်။ ပထစအမည်ပြောင်း၍ အစိုးရဖွဲ့သည်။ တည်မြဲဖဆပလ၊ ပမညတတို့က အတိုက်အခံများ ဖြစ်လာသည်။

ပထမအစိုးရသက် တစ်နှစ်မပြည့်မီမှာပင် ထိုခေတ်သတင်းစာများ၏ အဆိုအရ ပြဿနာပေါင်း သောင်းခြောက်ထောင် ကြုံရသည်။ ဦး၊ ဗိုလ်၊ သခင်ကွဲသည်။ ပထစ ခေါင်းဆောင်အချို့က တပ်မတော်ကို ဖိနှိပ်ဖယ်ရှားရန်ကြံရသည်။ တရုတ်ဖြူ KMT ကျူးကျော်မှု (အမေရိကန်က တရုတ်ပြည်မကြီးကို KMT Proxy ဖြင့် အန္တရာယ်ပြုရန် မြန်မာ့မြေပေါ် ဝင်ရောက်တပ်စွဲစေမှု) ရှိနေသည်။ နိုင်ငံတော်ဘာသာ ပြဋ္ဌာန်းရသောကြောင့် ဘာသာခြားများက မကျေနပ်ကြ။ ဗကပနှင့် KNU အမြစ်မပြတ်သေးဘဲ ရှမ်းသောင်းကျန်းသူနှင့် ကချင်သောင်းကျန်းသူ အဖွဲ့သစ်များပေါ်လာသည်။ KNDO က ရန်ကုန် – မန္တလေး စာပို့ရထားကို မိုင်းခွဲပြီး ခရီးသည် ၈၀ ကျော်ကို ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ပြည်သူများ ချောက်ချားတုန်လှုပ်ကြသည်။ မြောက်ဥက္ကလာမြို့သစ်တွင် ဗလီကိစ္စ အဓိကရုဏ်းကြီးဖြစ်ရာ ရဲက ပစ်ခတ်ထိန်းသိမ်းရသဖြင့် သံဃာနှင့်လူအချို့ သေကျေဒဏ်ရာရသည်။ နိုင်ငံရေး မတည်ငြိမ်မှုအပြင် စီးပွားရေးအကျပ်အတည်းလည်း ဖြစ်ပေါ်နေသောကြောင့် ဆန္ဒပြပွဲ အဓိကရုဏ်း ဆူပူအကြမ်းဖက်မှုများ တစ်နိုင်ငံလုံးတွင် ပြည့်နှက်နေသည်။

အဆိုးဆုံးပြဿနာမှာ ဖက်ဒရယ်မူဖြစ်သည်။ ပထစအစိုးရ၏ အင်အားချည့်နဲ့မှုများ၊ ပြည်တွင်းသောင်းကျန်းမှုများကို အခွင့်ကောင်းယူ၍ အာဏာစွန့်လွှတ်ရသည်ကို မကျေနပ်သော စော်ဘွားဟောင်းအများစုနှင့် နိုင်ငံရေးသမားအချို့ ပူးပေါင်းကာ ရှမ်းပြည်နယ်ကို ပြည်ထောင်စုမှ ခွဲထွက်စေရန် ရည်ရွယ်လှုပ်ရှားခြင်းဖြစ်သည်။ ဖက်ဒရယ်မူမရလျှင် ပြည်ထောင်စုမှခွဲထွက်မည်ဟု ခြိမ်းခြောက်သည်။ ပြည်နယ်လူမျိုးစုခေါင်းဆောင်များနှင့် ပြည်မရှိ ပသစ၊ ပမညတ၊ ဖဆပလ စသောပါတီများမှ ခေါင်းဆောင်များ အသံလွှင့်ရုံတွင် ဆွေးနွေးညှိနှိုင်းကြသည်။ ပြည်ထောင်စုအရေးကြုံသောအခါ အစိုးရနှင့် အတိုက်အခံ တစ်သဘောတည်းကိုက်ညီကြပုံမှာ နမူနာယူဖွယ်ဖြစ်သည်။

၁၉၆၂ ခုနှစ် မတ်လ ၁ ရက်နေ့ ဆွေးနွေးပွဲတွင် ပမညတကိုယ်စားလှယ် ဝိဓူရသခင်ချစ်မောင်က "အမေရိကန်နယ်ချဲ့တို့ရဲ့ ဗမာပြည်အပေါ် ကျူးကျော်မှုဟာ (ကူမင်တန်ကို ဆိုလိုသည်) ပြောင်ပြောင်ကြီး ဖြစ်ပေါ်လာခဲ့ပါတယ်" ဟု လည်းကောင်း၊ "အမေရိကန် နယ်ချဲ့သမားခေါင်းဆောင်တဲ့ ဆီးတိုးစစ်အုပ်စုဟာ နောက်ဆုတ်မသွားဘဲ သာလို့ပင် ရောင့်တက်ပြီး အခုအခါ အားလုံးသိနေပြီးဖြစ်တဲ့အတိုင်း ဖုံးထားစရာမလိုတော့ပါဘူး"ဟု လည်းကောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။ မည်သို့ပင်ဖြစ်စေ လူမျိုးစုခေါင်းဆောင်များက ဖက်ဒရယ်မူကို သာ အရေးဆိုကြသည်။ နောက်ဆုံးအကြိမ် ညှိနှိုင်း ဆွေးနွေးမှုကို မတ်လ ၇ ရက်နေ့သို့ ချိန်းခဲ့ သည်။

သို့ရာတွင် မတ်လ ၁ ရက်နေ့ ညသန်းခေါင်ကျော်ပြီး ၂ ရက်အကူးတွင် တပ်မတော်က အာဏာသိမ်းလိုက်သောကြောင့် နောက်ဆုံး ဆွေးနွေးပွဲ မဖြစ်တော့ချေ။ စော်ဘွားတို့ ဖက်ဒရယ်မူ မရတော့ချေ။ ပြည်ထောင်စု မပြိုကွဲတော့ချေ။ ထို့ထက် အမေရိကန်၏ ရှမ်းပြည်နယ် ဖွဲ့ထုတ်ရေး အကြံအစည် မအောင်မြင်တော့ချေ။

အကယ်၍ တပ်မတော်သည် တပ်အလုပ်ပဲ လုပ်မည်ဆိုပြီး နိုင်ငံရေးထဲ မဝင်ခဲ့ပါက ပြည်ထောင်စု ပြိုကွဲမှာသေချာသည်။ စော်ဘွားများနှင့် ဆီးတိုးစစ်အုပ်စု ချိတ်ဆက်ထားပြီးဖြစ်သော စာသက်သေကို ထောက်ရှု၍ တပ်အပ်သေချာပြောနိုင်သည်။ ဆီးတိုးစစ်အုပ်စုခေါ် SEATO (South East Asia Treaty Organization) ဆိုသည်မှာ တရုတ်ကို ရင်ဆိုင်ရန် အမေရိကန် ခေါင်းဆောင်သည့် စစ်စာချုပ်အဖွဲ့ ဖြစ်သည်။ ရှမ်းပြည်နယ် ခွဲထွက်သည်နှင့် ဆီးတိုးအမည်ခံ အမေရိကန်တပ်ရောက်လာမည်။ တရုတ်တပ်များ ချက်ချင်းဝင်လာမည်။ မြန်မာ့မြေပေါ်မှာ ဒေသန္တရစစ်ပွဲ တစ်ခု ဖြစ်လာမည်။

၁၉၆၂ ခုနှစ် မတ် ၁ ရက်မှ ၇ ရက်အတွင်း ဖက်ဒရယ်ပေးရေး မပေးရေးမှာ နောင်တမျဉ်းဖြစ်သည်။ ဤမျဉ်းကို မဖြတ်ကျော်မိအောင် တိုင်းပြည်၏ ကံကြမ္မာကို အချိန်မီ ထိန်းကျောင်း ပေးလိုက်သောကြောင့် နောင်တရမည့်အရေးမှ ကင်းဝေးခဲ့ပြီး ပြည်ထောင်စု တည်မြဲခဲ့သည်။ သမိုင်းမှန် လက်မခံနိုင်သော တစ်ယူသန်တို့၏ ပြစ်တင်မှုကိုမူ တပ်မတော်က ခံရလေသည်။ စစ်အာဏာရှင် သမုတ်ခံရလေသည်။

**စတုတ္ထ နောင်တမျဉ်း**

မဆလအစိုးရခေတ်တွင် စက်မှုတက္ကသိုလ်ကျောင်းသားနှင့် အရပ်သားရန်ပွဲမှစခဲ့သော ကျောင်းသားကိစ္စ ဆန္ဒပြပွဲကို စီးပွားရေးနှင့် ငွေစက္ကူရေး မကျေနပ်မှုအခံရှိသော ပြည်သူများပါလာပြီး ပြည်သူနှင့်ဝန်ထမ်းတို့၏ အထွေထွေ ဆန္ဒပြပွဲကြီးအဖြစ် ကူးပြောင်းသွားအောင် ဗကပ ယူဂျီတို့က လှုံ့ဆော်ပြောင်းလဲပေးခဲ့သည်။ ၆၂ Coup ကို အစာမကျေသော နိုင်ငံရေးသမားဟောင်းများ၊ လက်ယာယိမ်း လှုပ်ရှားသူများလည်း ရည်ရွယ်ချက်ရှိရှိ ပါလာကြသည်။ ကျောင်းသား အရေးတောင်းဆိုချက်မှ နိုင်ငံရေးတောင်းဆိုချက် အစိုးရ နုတ်ထွက်ပေးရန်အထိ မသိမသာ ပြောင်းလဲသွားသည်။

ဗကပယူဂျီကို အရှေ့မြောက်ဒေသရှိ ဗဟိုက ညွှန်ကြားသည်။ ဗကပမှာ မတရားအသင်း ဖြစ်နေ၍ ယူဂျီက ရှေ့ထွက်၍မဖြစ်သောကြောင့် သူတို့မွေးထားသော ကျောင်းသားများကို ခေါင်းဆောင်တင်ပေးထားသည့်အပြင် ပြည်သူမလွဲမသွေ လက်ခံမည့်သူကို ပွဲထုတ်သည်။ နာမည်ရှိပြီးသား လက်ယာသမားများ၊ နိုင်ငံရေးသမားများက ထင်ထင်ပေါ်ပေါ် ရှေ့ထွက်လို့ရသည်။ ရန်ကုန်ရှိ အမေရိကန်၊ ဗြိတိန်စသော (အနောက်သံရုံးများ) ၏ အားပေးထောက်ခံမှုရသည်။ VOA နှင့် BBC က နေ့စဉ်လှုံ့ဆော် လမ်းကြောင်းပေးသည်။ လက်ဝဲနှင့် လက်ယာတို့၏ ဘုံပစ်မှတ် အစိုးရကို ပေါင်းတိုက်သော ပုံသဏ္ဌာန်တွေ့ရသည်။ အစိုးရမရှိတော့မှ သူတို့ချင်း ပြန်တွေ့မည့် သဘောဆောင်သည်။

အမေရိကန် ရေတပ်သင်္ဘောအုပ်စု မြန်မာ့ရေပြင်ထဲ ဝင်လာသဖြင့် ပြန်ထွက်သွားခိုင်းရသည်။ တပ်မတော်သည်

စာမျက်နှာ ၇ သို့ ○

❍ စာမျက်နှာ ၆ မှ

မြို့တော်လုံခြုံရေး ယူနေရသည့်ကြားမှ အချိန်ကိုက် ဆင်နွှဲလာသော ဗကပ ထိုးစစ်ကို မိုင်းယန်းတွင်လည်းကောင်း၊ KNU ထိုးစစ်ကို မဲသဝေါတွင်လည်းကောင်း အကြိတ်အနယ် ရက်ရှည်ခုခံတွန်းလှန်ခဲ့ရသည်။ အရာရှိ စစ်သည်များ ပြည်ထောင်စုအတွက် အသက်ပေးကာကွယ်ခဲ့ကြသည်။

ရန်ကုန်အခြေအနေက မကောင်းချေ။ စက်ရုံ အလုပ်ရုံများ လုယက်ဖျက်ဆီးခံရသည်။ မင်းမဲ့စရိုက် ခေါင်းဖြတ်သတ်ကြသည်။ ရဲစခန်း အစီးခံရသည်။ ရဲများ အသတ်ခံရသည်။ ပြည်သူများ လုံခြုံမှုမရှိတော့။ ကိုယ့်ရပ်ကွက်ကိုယ် စောင့်ရသည်။ တောမီးလောင်သဖြင့် လက်ခမောင်းခတ်သော တောကြောင်များကလည်း တစ်ပြည်လုံး အနှံ့အပြားရှိနေသည်။ ရေတပ်နှင့် လေတပ်ကို အထင်မှားစေမည့် အမိန့်အတုများ ထွက်လာသည်။ တိရစ္ဆာန်ရုံ အဝမှနေ၍ စစ်ရုံးကို ဆဲရေးတိုင်းထွာကြသည်။ ကုန်သွယ်ရေးရုံး အစောင့်တပ်စုကို ဆန္ဒပြသူများက ဝင်စီးပြီး လက်နက်များ ယူဆောင်သွားသည်။ လူထုခေါင်းဆောင်ဆိုသူတွေပင် ထိန်းမနိုင်တော့ (မှတ်ချက်။ တပ်စုက မပစ်ခြင်းမှာ စစ်ရုံးက ပစ်မိန့်မပေးသောကြောင့် ဖြစ်သည်)။

ပြောရလျှင် အစိုးရယန္တရား လုံးဝပျက်စီး ရပ်တန့်သွားသည်။ ထို့ကြောင့် ကုန်သွယ်ရေးရုံးတပ်စုထံမှ လက်နက်များ ပါသွားအပြီး နောက်တစ်နေ့ ၁၈-၉-၁၉၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာကို လွှဲပြောင်းထိန်းသိမ်းခဲ့သည်။ အစိုးရခေါင်းဆောင်နှင့် ဝန်ကြီးများကို မဖမ်းခြင်း၊ ၎င်းတို့ကလည်း ဆန့်ကျင်ကန့်ကွက်မှုမရှိခြင်းကြောင့် Coup ဟု ပီပီပြင်ပြင် မဆိုနိုင်ချေ။

အကယ်၍သာ ၁၈-၉-၁၉၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံရေးတွင် မဝင်ခဲ့လျှင် သောင်းကျန်းသူကို တိုက်တာကလွဲ၍ နိုင်ငံရေးစင်မြင့်ကို ထိုင်ကြည့်နေလျှင် ရှေ့ဆက် ဘာဖြစ်သွားမည်နည်း။

လက်ဝဲ၊ လက်ယာအုပ်စုတို့ သဘောထားကြီးစွာဖြင့် တစ်စုက အာဏာယူ၊ တစ်စုက နောက်ဆုတ်ပေးမည် ထင်ပါသလား။ အာဏာလုပွဲဖြစ်မည်ကားမုချ။ နောက်ကွယ်မှ အားပေးထောက်ခံသူများ ပါလာမည်။ သခင်ဗသိန်းတင်တို့ ဗကပတပ်နှင့်အတူ တပ်နီတော်များ ဒလဟောဝင်လာမည်။ နိုင်ငံတကာ ရေပိုင်နက်ထဲတွင် ရောက်နေသော ရေတပ်အုပ်စု ပြန်လှည့်လာမည်။ ဖိလစ်ပိုင်ရှိ ကလပ်လေတပ်စခန်းမှ အမေရိကန် စစ်လေယာဉ်များ နာရီပိုင်းအတွင်း မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ဆင်းမည်။ အဲဒီတော့မှ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ကွဟု ဟစ်ကြွေးပြီး တရုတ်နှင့် အမေရိကန်ကို တိုက်ရမှာလား။ တွေးကြည့်လျှင်တော့ စိတ်ကူးယဉ်ဆန်ပါသည်။ A-Plan, B-Plan ဆိုတာတွေကလည်း သတင်းအပေါ်တွင် အခြေပြုထားသည့် စိတ်ကူးတွက်ချက်မှုပင် မဟုတ်ပါလား။

၁၈-၉-၁၉၈၈ ရက်နေ့သည် စတုတ္ထနောင်တမျိုး ဖြစ်သည်။ တိုင်းပြည်၏ နိုင်ငံရေးဖြစ်စဉ်ကြီးကို ထိုနေ့တွင် ဟန့်တားလိုက်နိုင်သောကြောင့် နောင်တရစရာ မရှိတော့ဘဲ ပြည်ထောင်စုတည်မြဲခဲ့သည်။ တပ်မတော်ကားစစ်အာဏာရှင် ဖြစ်ရပြန်လေသည်။

**ပဉ္စမနောင်တမျိုး**

နောင်တမျိုး လေးကြိမ်တွေ့ခဲ့ပြီးဖြစ်သည်။ ပဒေသရာဇ်ခေတ်တွင် နောင်တမျိုးကို ဖြတ်ကျော်သွားမိ၍ နောင်တရခဲ့ဖူးပြီ။ လွတ်လပ်ရေးခေတ်ဦးတွင် နိုင်ငံရေးခေါင်းဆောင်တို့၏ မြော်မြင်မှုကြောင့် နောင်တမျိုးကို မဖြတ်ခဲ့။ ပါလီမန် ဒီမိုကရေစီခေတ်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်များတွင် နိုင်ငံရေးဖြစ်စဉ်များသည် နောင်တမျိုးကို ဖြတ်လုဖြတ်ခင် ဖြစ်လာသဖြင့် တပ်မတော်မှ အမုန်းခံ၍ လမ်းလွှဲပေးခဲ့သည်။

နောင်တမျိုးကို ကျော်သွားလျှင် လွတ်လပ်ရေးဆုံးရှုံးမည်။ ပြည်ထောင်စု ပြိုကွဲမည်။ သားစဉ်မြေးဆက် တစ်သက်လုံး နောင်တရလိမ့်မည်။ နောင်တမျိုးကို မဖြတ်ကျော်လျှင် လွတ်လပ်ရေး မဆုံးရှုံး။ အချုပ်အခြာအာဏာ မဆုံးရှုံး။ ပြည်ထောင်စုမပြိုကွဲ။ နောင်တကင်းလိမ့်မည်။

ဤနှယ် တပ်က အရေးကြုံတိုင်း ဝင်ဝင်ပါနေခြင်းမှာ လွတ်လပ်ရေးကြိုးပမ်းမှု ကာလ တစ်လျှောက်လုံး BIA, BDA, PBF အဖြစ် ပါဝင်ခဲ့သဖြင့် အသက်သွေးချွေးရင်းခဲ့ရသော

❖ အကယ်၍သာ ၁၈-၉-၁၉၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံရေးတွင် မဝင်ခဲ့လျှင် သောင်းကျန်းသူကို တိုက်တာကလွဲ၍ နိုင်ငံရေးစင်မြင့်ကို ထိုင်ကြည့်နေလျှင် ရှေ့ဆက် ဘာဖြစ်သွားမည်နည်း။

❖ လက်ဝဲ၊ လက်ယာအုပ်စုတို့ သဘောထားကြီးစွာဖြင့် တစ်စုက အာဏာယူ၊ တစ်စုက နောက်ဆုတ်ပေးမည် ထင်ပါသလား။ အာဏာလုပွဲဖြစ်မည်ကားမုချ။ နောက်ကွယ်မှ အားပေးထောက်ခံသူများ ပါလာမည်။ သခင်ဗသိန်းတင်တို့ ဗကပတပ်နှင့်အတူ တပ်နီတော်များ ဒလဟော ဝင်လာမည်။ နိုင်ငံတကာ ရေပိုင်နက်ထဲတွင် ရောက်နေသော ရေတပ်အုပ်စု ပြန်လှည့်လာမည်။ ဖိလစ်ပိုင်ရှိ ကလပ်လေတပ်စခန်းမှ အမေရိကန်စစ်လေယာဉ်များ နာရီပိုင်းအတွင်း မင်္ဂလာဒုံလေယာဉ်ကွင်းတွင် ဆင်းမည်။ အဲဒီတော့မှ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေး တာဝန်ကွဟု ဟစ်ကြွေးပြီး တရုတ်နှင့် အမေရိကန်ကို တိုက်ရမှာလား။ တွေးကြည့်လျှင်တော့ စိတ်ကူးယဉ်ဆန်ပါသည်။ A-Plan, B-Plan ဆိုတာတွေကလည်း သတင်းအပေါ်တွင် အခြေပြုထားသည့် စိတ်ကူးတွက်ချက်မှုပင် မဟုတ်ပါလား။

❖ ၁၈-၉-၁၉၈၈ ရက်နေ့သည် စတုတ္ထနောင်တမျိုး ဖြစ်သည်။ တိုင်းပြည်၏ နိုင်ငံရေးဖြစ်စဉ်ကြီးကို ထိုနေ့တွင် ဟန့်တားလိုက်နိုင်သောကြောင့် နောင်တရစရာ မရှိတော့ဘဲ ပြည်ထောင်စုတည်မြဲခဲ့သည်။

လွတ်လပ်ရေးနှင့် တည်ဆောက်ခဲ့ရသော ပြည်ထောင်စုကို ပြန်လည်မဆုံးရှုံးချင်သောကြောင့်ဖြစ်၏။ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်လည်း ရှိနေသောကြောင့် ဖြစ်၏။

အတိတ်သင်ခန်းစာများကိုယူ၍ အနာဂတ်တွင် တတိယ၊ စတုတ္ထ နောင်တမျိုးများကဲ့သို့ Coup မလုပ်ချင်သောကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် တင်ပေးခဲ့ခြင်း ဖြစ်သည်။ အိမ်စောင့်အစိုးရလက်ထက်က ဗိုလ်ချုပ်ကြီးနေဝင်းက "အိမ်စောင့်အစိုးရသည် အာဏာမလိုချင်ကြောင်း၊ မလုပ်မဖြစ်၍ ဝင်ထိန်းရခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးသမားများ လိမ်လိမ်မာမာ ရှိကြဖို့လိုကြောင်း" ပြောကြားခဲ့သည်။ နိုင်ငံရေးသမားများ လိမ္မာပါးနပ်လျှင် မိမိတို့လိုချင်သောအရာကို အချိန်ကာလတစ်ခုတွင် ရရှိမည်ဖြစ်ပါသည်။ Emotional Politic ကိုတော့ မေ့ထားရန် လိုအပ်ပါလိမ့်မည်။

ယနေ့ မြန်မာနိုင်ငံ အခြေအနေမှာ ကိုယ့်တွေ့မျက်မြင်ဖြစ်၍ ရှေ့က နောင်တမျိုးများကဲ့သို့ အသေးစိတ်မရေးတော့ပါ။ သို့သော် ယနေ့ ၂၀၂၀ - ၂၀၂၁ မှာတော့ အမေရိကန်သာမက OIC ပါ ပါလာနေပြီကို သတိချပ်သင့်သည်။ ထည့်သွင်းစဉ်းစားရမည့် ဘက်တစ်ဖက် တိုးလာသည်။ ထို့ကြောင့် ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်မှာ ပို၍ကြီးမားလာသည်။

နိဂုံးချုပ်ပြောလိုသည်မှာ ပဉ္စမနောင်တမျိုးကို တပ်မတော်ကရော နိုင်ငံရေးပါတီကပါ ရှာတွေ့လောက်ပြီဟု ယူဆပါသည်။ သို့သော် နောင်တမျိုးကို ပါတီက ရှန်းထွက်ရန် ကြိုးစားလာသဖြင့် တပ်မတော်က ပြည်ထောင်စုအကျိုး မျှော်ကိုးပြီး မလွှဲမရှောင်သာ တားဆီးလိုက်ခြင်းဟု ဆိုချင်ပါသည်။

# ၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၄) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးက ဖတ်ကြားသည်။

ထို့နောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက မိန့်ခွန်းပြောကြားသည်။

**ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုတံဆိပ်များ ချီးမြှင့်**

ယင်းနောက် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုတံဆိပ်များ ချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ လူမှုထူးချွန်ဆု(ပထမဆင့်)ရ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒ အားလည်းကောင်း၊ စီမံထူးချွန်ဆု(ပထမဆင့်)ရ Shan United FC အားလည်းကောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု(တတိယဆင့်)ရ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးစံသိန်း အားလည်းကောင်း၊ စိုက်ပျိုးထူးချွန်ဆု(တတိယဆင့်)ရ ညောင်ရွှေမြို့ ငဖယ်ချောင်းကျေးရွာမှ ဦးတင့်နိုင်အားလည်းကောင်း၊ မွေးမြူထူးချွန်ဆု (တတိယဆင့်)ရ ဦးစောတင်ကိုကိုလွင်အားလည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးထူးချွန်ဆု(တတိယဆင့်)ရ သီပေါမြို့နယ် နောင်ကပ်ကျေးရွာမှ ဦးမြသန်းအားလည်းကောင်း၊ လူမှုထူးချွန်ဆု (တတိယဆင့်)ရ တောင်ကြီးမြို့မှ ဦးဘုန်းမြင့်ကျော်နှင့် ဂရုဏာရှင်လူမှုကူညီရေးအသင်း (နမ့်စန်မြို့) တို့အားလည်းကောင်း ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုတံဆိပ်များ အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။



**သတင်းစဉ်**

**ဓာတ်ပုံ- စိုင်းသန်းကျော်(တောင်ကြီး)**

# ခရမ်းမြို့နယ် ကျုံတူးကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေဖြင့် ကွန်ကရစ်လမ်းခင်း

**ခရမ်း ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ မတည်ပေးပြီး စီမံကိန်းအတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြစိမ်းရောင်ကျေးရွာဖြစ်သော ကျုံတူးကျေးရွာသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်မှာ ခြောက်နှစ် ပြည့်မြောက်ခဲ့ပြီး စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် ၁၆၃ သိန်းဖြင့် အများပြည်သူသွားလာရေး အဆင်ပြေစေရန် ရွာတွင်းအရှည်ပေ ၁၀၅၀၊ အကျယ် ခြောက်ပေ၊ ဒုခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရမ်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိ ကျေးရွာစုစုပေါင်း ၃၄ ရွာတွင် ၃၂ ယူနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်း**

# မော်လမြိုင်မြို့နှင့် တောင်ကြီးမြို့တို့ရှိ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးကာလတွင် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၌ ဆွမ်းကိစ္စများ အဆင်ပြေစေရန်အတွက် တိုင်းစစ်ဌာနချုပ်များအလိုက် ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုမောင်နှင့်အဖွဲ့ဝင်များက မွန်ပြည်နယ် မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဝိနယပါဠိပါရဂူ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သာသနာရေးဆိုင်ရာများ လျှောက်ထား၍ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက်ရှိ ဓမ္မသုခကျောင်းတိုက်၊ ပဓာန နာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တဝဏ္ဏိတအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ သာသနာရေးဆိုင်ရာများ လျှောက်ထား၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဖူးမြော်ကြည်ညို**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာဂူဝိပဿနာစာသင်တိုက် ပဓာန နာယကဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တ စန္ဒာသီရိ အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



# ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် တိမ်ကောနေသည့် သောက်သုံးရေကန်အား ပြန်လည်တူးဖော်ပေးမည်

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာ ရယူသုံးစွဲနိုင်ရေးအတွက် တိမ်ကောနေသည့် အများပြည်သူသုံး ရေကန်အားပြန်လည်တူးဖော်ပေးသွားမည်ဟု ကျေးရွာတာဝန်ရှိသူတစ်ဦးဖြစ်သည့် ဦးဝင်းနိုင်ထံမှ သိရသည်။

ပြန်လည်တူးဖော်ပေးမည့် အများသုံး သောက်သုံးရေကန်မှာ ဒလမြို့နယ် ရခိုင်ချောင်(မြောက်)ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှေ့ရှိ ကန်ဖြစ်ပြီးအလျား ၃၁၅ ပေ၊ အနံ ပေ ၂၁၀ ရှိကြောင်း သိရသည်။ အဆိုပါ ရေကန်အား ရခိုင်ချောင်(မ) ကျေးရွာနေ ပညာရေးဝန်ထမ်း အငြိမ်းစားများဖြစ်ကြသော ဆရာဦးဝေလွင်နှင့် ဆရာမဒေါ်ခင်မာလွင် မိသားစုက တာဝန်ယူလှူဒါန်းတူးဖော်ပေးမည်ဟု သိရသည်။

ရခိုင်ချောင်(မ)ကျေးရွာတွင် သောက်သုံးရေကန်ပေါင်း ခုနစ်ကန်ရှိပြီး သုံးကန်မှာ ယခုနှစ်နွေရာသီတွင် ခန်းခြောက်ခဲ့ကြောင်း၊ ခန်းခြောက်သည့် ရေကန်တစ်ကန်အား ပြန်လည်တူးဖော်ပေးခဲ့ကြောင်း၊ ယခု ပြန်လည်တူးဖော်ပေးမည့် ရေကန်ပြီးစီးပါက ခန်းခြောက်ရေကန် တစ်ကန်သာ ကျန်ရှိမည်ဖြစ်သော်လည်း ကျေးရွာအတွက် သောက်သုံးရေမှာ ဖူလုံကြောင်း ကျန်ရှိသည့် ခန်းခြောက်ရေကန်ကိုလည်း ကျေးလက်နေပြည်သူများ သောက်သုံးရေပိုမိုသုံးစွဲနိုင်စေရန် ပြန်လည်တူးဖော်ပေးသွားမည်ဟု သိရသည်။

"ကျနော်တို့ ရွာမှာ သောက်ရေကန် ခုနစ်ကန်ရှိတယ်၊ သုံးကန်ပဲ ရေခန်းတယ်၊ ရွာအတွက်က သောက်သုံးရေလောက်တယ်၊ ခန်းခြောက်ရေကန်တွေ ပြန်တူးဖော်ပြီးရင် ကိုယ့်ရွာအတွက်သာမက အနီးအနားက ရွာတွေအတွက်ပါ သောက်သုံးရေ ဖူလုံသွားတာပေါ့၊ ပြန်တူးမယ့် ကျောင်းရှေ့ ရေကန်ကို အနက် ခုနစ်ပေအထိတူးမယ်၊ထွက်လာတဲ့မြေသားတွေကို ရေကန်ပေါင်ထပ်တင်မယ်၊ ကန်ပေါင်ကိုလည်း ကွန်ကရစ်ခင်းမယ်၊ ရွာက ပြည်သူတွေမနက်/ညနေ အညောင်းအညာပြေ လမ်းလျှောက်လို့ရအောင်ပေ့ါ၊ ပြီးရင် အနားယူအပန်းဖြေလို့ရအောင်လည်း ထိုင်ခုံလေးတွေ လုပ်ပေးထားမယ်၊ကျောင်းနဲ့လည်း နီးတော့ ကျောင်းတက်လာတဲ့ ကျောင်းသား ကျောင်းသူတွေ၊ ဆရာ ဆရာမတွေ၊ ကျောင်းသားမိဘတွေ အမြင်စိတ်အေးချမ်းအောင် ပြုလုပ်ပေးဖို့ စီမံထားတယ်၊ ခန်းခြောက်သောက်သုံးရေကန်အား ဧပြီလမှာ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်သွားမယ်" ဟု ဦးဝင်းနိုင်က ပြောသည်။ **မောင်ယဉ်ဦး(ဒလ)**



**◆ ကျောဖုံးမှ**

အဆိုပါတံတားသစ်မှာသံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ရေလယ်တိုင်အုတ်မြစ်များအား အချင်း ၁ ဒသမ ၂ မီတာရှိသော သံကူကွန်ကရစ်ဘိုးပိုင်ဖြင့်တည်ဆောက်မည်ဖြစ်ကာ တံတားခန်းဖွင့်အတွက် ၃၀ ဒသမ ၄၈ မီတာစီပါဝင်သော ခန်းဖွင့် သုံးခန်းဖြင့် ပါဝင်တည်ဆောက်မည်ဖြစ်ကြောင်း၊ တံတားအရှည်စုစုပေါင်း ၉၁ ဒသမ ၄၃၈ မီတာ(ပေ ၃၀၀)ရှိမည်ဖြစ်ပြီး တံတားအောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်ကာ တံတားအပေါ်ထည်မှာ PC Girders & Reinforced Concrete ဖြစ်ကြောင်း၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃၂ မီတာ ရှိမည်ဖြစ်ပြီး လူသွားလမ်းအကျယ်တစ်ဖက်လျှင် ၁ ဒသမ ၀၆၅ မီတာစီ ပါဝင်သော လူသွားလမ်းပလက်ဖောင်း နှစ်ဖက်ပါဝင်မည်ဖြစ်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ရှိမည် ဖြစ်ကြောင်း သိရသည်။

**တည်ဆောက်ရခြင်းဖြစ်**

ယခင်မူလရှိနေသည့် အရှည် ပေ ၂၆၀ ရှိသော သံပေါင်တံတားပေါ်မှ တစ်ဆင့် ယာဉ်များ ဖြတ်သန်းသွားလာကြရာတွင် တစ်လမ်းမောင်းတံတားဖြစ်သောကြောင့် တံတားထိပ်တစ်ဖက်တစ်ချက်စီ၌ ယာဉ်များအလှည့်ကျစောင့်ဆိုင်း၍မောင်းနှင်နေကြရပြီး တံတားကြံ့ခိုင်မှုခံနိုင်ရည် ကျဆင်းလာသောကြောင့်အရှည် ပေ ၃၀၀ ရှိသော နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားသစ်ကို အဆင့်မြှင့်တင်တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ လက်ရှိ တံတားအုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သောကြောင့် တံတားပိုင်ထိပ်အုပ်လုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကာ ကျန်တည်ဆောက်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဌေးအောင်ထံမှ သိရသည်။

**ပြီးစီးဖို့မျှော်မှန်းထား**

"မူလတံတားကတစ်လမ်းမောင်းသံပေါင်တံတားဖြစ်ပြီး တံတားကြံ့ခိုင်မှုကလည်းအားနည်းလာတာမို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရည်မှန်းချက်အတိုင်း တံတားတွေကို တည်ဆောက်ရာမှာ အနည်းဆုံး နှစ်လမ်းသွားဖြစ်ရမှာဖြစ်တဲ့အတွက်ကြောင့် နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားသစ်ကို တည်ဆောက်ခြင်းလည်းဖြစ်ပါတယ်။ လာမယ့်စက်တင်ဘာလကုန်ပိုင်းမှာ တံတားသစ်တည်ဆောက်ပြီးစီးဖို့မျှော်မှန်းထားပါတယ်"ဟု ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဌေးအောင်က ရှင်းပြသည်။ မကွေးမြို့မှ ဒေသထွက်စားသောက်ကုန်များအား ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် တင်ဆောင်ပြီး ယခင်မူလရှိနေသည့် အရှည် ပေ ၂၆၀ ရှိသော သံပေါင်တံတားပေါ်မှတစ်ဆင့် ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်မြို့သို့ ပို့ဆောင်လျက်ရှိရာ ယခု အဆင့်မြှင့်တင် တည်ဆောက်နေ သည့် ကြေးနီချောင်းတံတားသစ် တည်ဆောက်ပြီးစီးပြီဆိုပါက ဒေသခံများ အတွက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစရာရှိကြောင်း၊ တံတားသစ်တည်ဆောက်ရန်အတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလကစီမံကိန်းလုပ်ငန်းများ စတင်ခဲ့ခြင်းဖြစ်ရာ လာမည့်စက်တင်ဘာလကုန်ပိုင်း၌ တည်ဆောက်ပြီးစီးရန် လျာထားကြောင်းဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း(ပွင့်သစ္စာ)**
**ဓာတ်ပုံ(စိုးမြင့်အောင်)**

**■ မြန်မာအသင်းမှ**

ခြေစစ်ပွဲကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ၊ အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အုပ်စုပွဲများကို စက်တင်ဘာ ၁၈ ရက်မှ ၂၆ ရက်အထိ၊ ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲများကို ဒီဇင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ယင်းခြေစစ်ပွဲနှစ်ခုစလုံးတွင် မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်နှင့် အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်တို့တွင် မြန်မာအသင်းပါဝင်သောအုပ်စုအား အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသည်။ ယင်းခြေစစ်ပွဲများကို အာရှနိုင်ငံအများစု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးအသင်းနှစ်သင်းစလုံး ခြေစစ်ပွဲအောင်မြင်ရန် ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းနည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်း၊ ယူ-၁၇ အမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းတို့ကို တာဝန်ပေးထားသည်။ ၂၀၁၉ ခုနှစ်က နောက်ဆုံးကျင်းပခဲ့သည့် အာရှဖလား ယူ-၂၀ အမျိုးသမီးပြိုင်ပွဲ (ယခင် အာရှ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအမည်ဖြင့် ကျင်းပ) တွင် ခြေစစ်ပွဲအောင်မြင်ကာနောက်ဆုံးအဆင့်ထိ ယှဉ်ပြိုင်ခွင့်ရခဲ့သည်။ ၂၀၁၉ အာရှဖလား ယူ-၁၇ အမျိုးသမီးပြိုင်ပွဲ (ယခင် အာရှ ယူ-၁၆ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲအမည်ဖြင့် ကျင်းပ) တွင်မူ မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲမှ ထွက်ခဲ့ရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



# ဘုတလင်မြို့နယ်၌ ကုလားပဲမျိုးနှင့် ဂျုံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ ကွင်းသရုပ်ပြ

**ဘုတလင် ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကုလားပဲမျိုးနှင့် ဂျုံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ ကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက ညောင်ကန်ကျေးရွာ ကွင်းအမှတ်(၂၂)၊ ဦးပိုင်အမှတ်(၃၇)ရှိ တောင်သူ ဒေါ်ချိုချိုလွင်၏ စိုက်ခင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးကိုယ်စား ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးကိုလေးက အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ချိုချိုမာက ကွင်းသရုပ်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့ဝင် တောင်သူ ဒေါ်ချိုချိုလွင်က ကုလားပဲ လေးမျိုးနှင့် ဂျုံခြောက်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များ စိုက်ပျိုးထားမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ကုလားပဲမျိုးနှင့် ဂျုံမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များကို မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြပြီး ဂျုံ ခြောက်မျိုးအနက်မှ အကြိုက်ဆုံး ဂျုံမျိုးကို ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

# ညီမလေးသို့ ပေးစာ

**ညီမလေးရေ...**

ညီမလေးက ငယ်ရွယ်ပြီး ချောမောလှပသူဖြစ်တာကြောင့် ရုံးဝတ်စုံ၊ ယူနီဖောင်းနဲ့ အင်မတန်လိုက်ဖက်ပါတယ်။ သွက်လက်ထက်မြက်တဲ့ ဝန်ထမ်းကောင်းတစ်ယောက်မို့ လေးစားအားကျခဲ့ရတာပါ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ ရဲဝံ့တဲ့ ဟန်ပန်အမူအရာတွေကြောင့်လည်း အထင်ကြီးခဲ့ပါတယ်။

ဒါပေမယ့် ညီမလေးရယ် အခုရက်ပိုင်း လူမှုကွန်ရက်စာမျက်နှာ ဖေ့စ်ဘွတ်မှာ ညီမလေးတင်တဲ့ပို့စ်တွေက Civil Disobedience Movement မှာပါဝင်တဲ့အကြောင်းတွေ ဖြစ်လာတယ်။ ဘာကြောင့်များ ညီမလေးတစ်ယောက် ဒီလိုအရေးအသားတွေတင်နေရသလဲဆိုတာ စဉ်းစားနေမိပါတယ်။

ညီမလေးက ဝန်ထမ်းတစ်ယောက်ပါ။ ဝန်ထမ်းတစ်ယောက်အနေနဲ့ ဒီလိုအရာတွေက အပ်စပ်ပါရဲ့လား။ ညီမလေးစဉ်းစားစေချင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်မှာ ထမ်းဆောင်ရမယ့် တာဝန်တွေ၊ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေ၊ လိုက်နာရမယ့် စည်းကမ်းတွေရှိပါတယ်။

နိုင်ငံ့ဝန်ထမ်းတစ်ယောက်က နိုင်ငံတော်ရဲ့အကျိုးအတွက် လိုအပ်လာရင် အချိန်ပြည့်အလုပ်လုပ်ဖို့ တာဝန်ရှိပါတယ်။ မူလတာဝန်သာမက အခြားလိုအပ်တဲ့ တာဝန်တွေကိုလည်း နိုင်ငံတော်က ပေးအပ်လာရင် ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။ ဒ့ါအပြင် ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေကိုလည်း လိုက်နာဖို့ တာဝန်ရှိပါတယ်။

နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေတာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲ ဥပဒေတွေမှာပါဝင်တဲ့ ပြဋ္ဌာန်းချက်တွေကို လိုက်နာတာတွေအပြင် နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကို အလေးထားဆောင်ရွက်တာတွေကလည်း နိုင်ငံ့ဝန်ထမ်းတွေ လိုက်နာရမယ့်တာဝန်တွေဖြစ်နေပါတယ်။

နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာတွေ လေလွင့်ဆုံးရှုံးမှုမရှိစေဖို့၊ အလွဲသုံးစားမှုမပြုဖို့ ထိန်းသိမ်းစောင့်ရှောက်တာ၊ မိမိကို ပေးအပ်ထားတဲ့ တာဝန်နဲ့ဝတ္တရားတွေကို ကျေပွန်စွာ ထမ်းဆောင်တာ၊ အကျင့်စာရိတ္တ ပျက်ပြားခြင်းနဲ့ သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်တာ၊ ပြည်သူကို ရိုသေလေးစားတာတွေကလည်း နိုင်ငံ့ဝန်ထမ်းတွေ လိုက်နာရမယ့် တာဝန်တွေပါ ညီမလေးရယ်။

ဌာနတစ်ခုမှာ ဝန်ထမ်းတွေအများကြီးရှိတာမို့ ညီမလေးတစ်ယောက်ကြောင့် လုပ်ငန်းမထိခိုက်နိုင်ပါဘူးဆိုတဲ့ အတွေးအခေါ်တွေကို လက်လွှတ်လိုက်ပါ။ ဝန်ထမ်းတွေအားလုံး ပါဝင်လာဖို့ဆိုတဲ့ စည်းရုံးလှုံ့ဆော်မှုဆန်ဆန် အရေးအသားပို့စ်တွေနဲ့ မဆွဲဆောင်ပါနဲ့လို့ မေတ္တာရပ်ခံလိုပါတယ်။

ပြည်သူ့ဝန်ထမ်းဆိုတာ ကိုယ့်နိုင်ငံရဲ့ အစိုးရတစ်ရပ်အပေါ်မှာ တာဝန်ခံရမှာပါ။ အစိုးရရဲ့ လုပ်ငန်းတာဝန်တွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ သမာသမတ်ရှိရှိ၊ လုပ်ငန်းတာဝန်သိသိ၊ အသိဉာဏ်ပါပါ၊ နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ဆောင်ရွက်ပေးကြရမယ်လို့လည်း မှတ်သားဖူးတာလေးကို ညီမလေး သတိသံဝေဂရစေဖို့ မျှဝေလိုပါတယ်။

**အသက်အရွယ်ရနေပြီဖြစ်တဲ့ မိဘ၊ ဘိုးဘွားတွေအတွက် သားသမီးတာဝန် ကျေပြီလား။ အိမ်ထောင်သည်ဆိုရင်လည်း မိမိကို မှီခိုနေတဲ့ သားသမီးတွေကို ငဲ့ကြည့်ပါ။ သူတို့တွေအတွက်ရော မိဘတာဝန်ကျေရဲ့လားဆိုတာ တွေးတောပါ။ ဒီလိုတွေပြောနေလို့ အတ္တကြီးတယ်လို့တော့ မထင်ပါနဲ့ ညီမလေးရယ်။ လူတစ်ယောက်မို့ လူသားဆန်တယ်လို့ပဲ နားလည်ခွင့်လွှတ်ပေးပါ။**

ဝန်ထမ်းတစ်ယောက်အနေနဲ့ ပါတီနိုင်ငံရေး ကင်းရှင်းဖို့လိုအပ်သလို ရုံးတွင်း၊ ရုံးပြင်မှာ ပါတီနိုင်ငံရေးနဲ့ပတ်သက်ပြီး စည်းရုံးတာ၊ ဟောပြောတာ၊ ဆွေးနွေးတာတွေကိုကလည်း ရှောင်ကြဉ်ရမယ့် အချက်တွေပါ ညီမလေးရယ်။

ကိုယ့်တာကို ကိုယ်လုံအောင်၊ ထမ်းဆောင်ရမယ့် လုပ်ငန်းတာဝန်တွေကို မလစ်ဟင်းအောင် ဆောင်ရွက်နေတာကလည်း ပြည်သူတွေအတွက် ပြည်သူ့ဝန်ကို ထမ်းနေတဲ့ ဝန်ထမ်းတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်ခြင်းပါပဲ ညီမလေးရယ်။

အသက်အရွယ်ရနေပြီဖြစ်တဲ့မိဘ၊ ဘိုးဘွားတွေအတွက် သားသမီးတာဝန်ကျေပြီလား။ အိမ်ထောင်သည်ဆိုရင်လည်း မိမိကို မှီခိုနေတဲ့ သားသမီးတွေကို ငဲ့ကြည့်ပါ။ သူတို့တွေအတွက်ရော မိဘတာဝန်ကျေရဲ့လားဆိုတာ တွေးတောပါ။ ဒီလိုတွေပြောနေလို့ အတ္တကြီးတယ်လို့တော့ မထင်ပါနဲ့ ညီမလေးရယ်။ လူတစ်ယောက်မို့ လူသားဆန်တယ်လို့ပဲ နားလည်ခွင့်လွှတ်ပေးပါ။

ပြည်သူ့ဘက်ကနေ ရပ်တည်ပေးတယ်ဆိုတဲ့ ညီမလေးက အခုလက်ရှိမှာ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်နေပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနဲ့ရော ညီမလေးရဲ့ရပ်တည်ချက်ကို တာဝန်ကျေပြီလား။ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းတွေကို အရင်ဆုံး လေးစားလိုက်နာစောင့်ထိန်းနိုင်အောင် ကြိုးစားပါ။

နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒ၊ လမ်းစဉ်တွေကို အကောင်အထည်ဖော်ရတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ယောက်အနေနဲ့လည်း ဝန်ထမ်းကျင့်ဝတ်နဲ့အညီ လိုက်နာစောင့်ထိန်းနေထိုင်ပြီး ပြည်သူတို့ရဲ့ အကျိုးစီးပွားအတွက် ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ထမ်းဆောင်ကြပါစို့လား ညီမလေးရယ်။

**အစ်မ**
**လင်းလင်း**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ဆေးရုံများမှ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများသို့ လွှဲပြောင်းကုသ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

လက်ရှိဖြစ်ပေါ်လျက်ရှိသော အခြေအနေအကြောင်း အမျိုးမျိုးကြောင့် နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ဆေးရုံများတွင် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကုသပေးရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိခြင်းကြောင့် တပ်မတော်ဆေးရုံများသို့ လွှဲပြောင်းကုသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၇၅၇ ဦး၊ အတွင်းလူနာ ၃၄၅ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၅ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ၁၃ ဦး စုစုပေါင်း ၃၈ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများကလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## မင်းလှမြို့နယ် မြောင်လယ်ကျေးရွာ၌ သောက်သုံးရေဖူလုံစေရေး မြေသားရေကန်တူးဖော်ပြီးစီး



**မင်းလှ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျောက်လက်ခတ် ကျေးရွာအုပ်စု မြောင်လယ်ကျေးရွာ၌ နွေရာသီကာလ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မြောင်လယ်ကျေးရွာ၌ နွေရာသီကာလသောက်သုံးရေ ရရှိရေးအတွက် အလျား ပေ ၁၀၀ အနံ ပေ ၁၀၀ အမြင့် ၆ ပေ မြေသားရေကန်တိုးချဲ့ တူးဖော်ခြင်းနှင့် မြေသားတာပေါင်ပြုပြင်ခြင်း လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၇၀ သန်းဖြင့် တင်ဒါအောင်မြင်သော မြတ်ကောင်းစုကုမ္ပဏီမှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၆၈ အိမ်မှ လူဦးရေ ၃၂၂ ဦးတို့အပြင် ကျွဲ၊ နွား အတွက်ပါ နွေရာသီကာလ သောက်သုံးရေရရှိရေး အကျိုးပြုမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နန္ဒာအိက ပြောသည်။ **ငြိမ်းသူ(စလင်း)**

# လေးစားဖွယ် မြန်မာ့အသံစိတ်ဓာတ်

ဒေါက်တာမြင့်သန်း (ညောင်လေးပင်)

ကျွန်တော်ငယ်စဉ်ကတည်းက ရေဒီယိုစွဲလမ်းသူဖြစ်ခဲ့သည်။ အထူးသဖြင့်ငယ်စဉ်ဘဝ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်ကာလများက ရေဒီယိုကိုသာ နားထောင်ကြရသည်။ သတင်း၊ သီချင်း၊ ဇာတ်လမ်း၊ ပညာရေး၊ ကျန်းမာရေးမှအစ သိသင့်သိအပ်ရာများ၊ ဖျော်ဖြေရေးများ စသည်တို့ အကုန်လုံးကို ရေဒီယိုဖွင့်ထားလျှင် အကုန်ရရှိနိုင်သည်။ ရေဒီယိုဆိုသည်နှင့် “မြန်မာ့အသံ” ကိုဆိုလိုကြောင်း လူတိုင်းသိကြပါသည်။ ကျွန်တော်တို့ အိမ် ဧည့်ခန်းတွင် “EKCO အဲကိုး” ရေဒီယိုကြီးရှိသည်။ ထိုရေဒီယိုကြီးသည် ခန့်ညားထည်ဝါစွာ နေရာယူလျက်ရှိနေသည်။ ထိုစဉ်က “ကွမ်းမှာကျက်သရေ” ဆိုသည့်အတိုင်း အိမ်မှ ကွမ်းအစ်ကြီးများရှိနေခြင်းက ကျက်သရေတစ်မျိုးဆောင်သလိုရှိသည်ဟု ရှေးလူကြီးများ ဆိုကြသည်။ ခန့်ညားသော ကွမ်းအစ်ကြီးတို့ဖြင့် ဧည့်သည်လာလျှင် ဧည့်ခံကြသည်။ ထို့နည်းတူ အိမ်တိုင်း၏ဧည့်ခန်းမှာ ရေဒီယိုတစ်လုံးစီတော့ နေရာယူထားကြလေ့ရှိသည်။

**မရှိမဖြစ် အသုံးအဆောင်တစ်မျိုး**

ထိုရေဒီယိုတို့သည် ယခုခေတ် ရုပ်မြင်သံကြားစက်များကဲ့သို့ အိမ်တိုင်း၊ မိသားစုတိုင်းအတွက် မရှိမဖြစ် အသုံးအဆောင်တစ်မျိုးပင်ဖြစ်သည်။ “အဲကိုး” ရေဒီယိုကြီးက ရေဒီယိုမျိုးထဲတွင် နာမည်ကောင်းသော ရေဒီယိုဖြစ်သည်။ အမျိုးကောင်းသည့်ရေဒီယိုအဖြစ် နာမည်ကြီးသည်။ ဖွင့်ဖွင့်ချင်း အသံကထွက်မလာသေး။ အထဲက မီးလုံးနှစ်လုံးက တဖြည်းဖြည်း မီးလင်းလာသည်အထိ ခေတ္တစောင့်ရသည်။ အသံကလည်း တဖြည်းဖြည်းထွက်လာသည်။ အတိုးအကျယ်ကို ညှိယူနိုင်သည်။ ကျွန်တော်တို့အိမ်တွင် ဖခင်ဖြစ်သူကသာ ရေဒီယိုကိုကိုင်လေ့ရှိသည်။ နံနက် ၇ နာရီထိုးသည်နှင့် ရေဒီယိုကို စဖွင့်သည်။ အစီအစဉ်များအားလုံးကို နေ့စဉ် နားထောင်နေရသဖြင့် အလွတ်ရနေသည်။ တေးသီချင်း၊ ဇာတ်လမ်း ပမာနားဆင်စရာ စသည်တို့ကို နှစ်သက်ကြသလို “ကိုမြကြီး၊ မခင်မူ”တို့၏ “သီရိဂေဟာ”၊ ဦးသန့်မြင့်၏ “ကမ္ဘာ့ဂီတ”၊ ကလေးကဏ္ဍတို့ကို ပြေးမလွတ်အောင် နားဆင်ခဲ့ကြသည်။ အရွယ်ရောက်လာတော့ ရုပ်ရှင်သီချင်းများကိုစောင့်ပြီး နားထောင်တတ်လာသည်။ ထိုစဉ်က အသံသွင်းတိတ်ရီကော်တာများလည်း မပေါ်သေးသဖြင့် သီချင်းများကို နားထောင်ရာတွင် ရေဒီယိုမှ ကိုယ်ကြိုက်သည့် သီချင်းလာစဉ်မှာ ရေဒီယိုရှေ့မှာ သီချင်းစာသားကိုဖွင့်ပြီး လိုက်မှတ်နားထောင်ရသည်။ ယခုခေတ်လို ပြန်ဖွင့်၍လည်းမရတော့ သီချင်းနားထောင်ပြီးသည်နှင့် ပူပူနွေးနွေး ပြန်ဆိုကြည့်ရသည်။ နားထောင်ဖန်များလာ၊ ပြန်ဆိုဖန်များလာလေ၊ သီချင်းကို ပိုရလာလေဖြစ်သည်။

အထူးနှစ်သက်သည့် အစီအစဉ်မှာ စနေနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် လာသည့် “အသံလွှင့်ဇာတ်လမ်း” ဖြစ်သည်။ ၄၅ မိနစ်စာ နားထောင်ရသည်။ အလွန်စိတ်ဝင်စားစရာကောင်းသည်။ ပြည်သူချစ် ရုပ်ရှင်အနုပညာရှင်များက အသံဖြင့် ပါဝင်သရုပ်ဆောင်ထားကြသဖြင့် တစ်တိုင်းပြည်လုံးရှိ ပြည်သူအပေါင်းတို့၏ အားပေးနှစ်သက်ခြင်းခံရသည့် အစီအစဉ်ဟု ဆိုနိုင်သည်။

ရုပ်ရှင်မင်းသား ဝင်းဦး၊ ကောလိပ်ဂျင်နေဝင်း၊ ထွန်းဝေ၊ မြတ်လေး၊ ဒေစီကျော်ဝင်း၊ ဝါဝါဝင်းရွှေ၊ ခင်သန်းနုစသည့် ထိပ်တန်းရုပ်ရှင်ပညာရှင်များအပြင် ဦးသိန်းမောင်၊ ဦးကျောက်လုံး စသည့် ဇာတ်ပို့ဇာတ်ရံကြီးများ၏ အသံဖြင့် သရုပ်ဆောင်မှုများက အလွန်စွဲမက်စေပါသည်။




ဇာတ်ဝင်တေးများကလည်း ဇာတ်အိမ်နှင့်လိုက်စွာ ဖွဲ့ထားသည်။ “ကိုးပွင့်ဖူးစာ” ဇာတ်လမ်းမှ“ကြင်နာသည့်စိတ်များ၊ ယိုဖိတ်ကာရယ်၊ ချစ်နှောင်ကြိုး အသည်းမှာစွဲစွဲမြဲမြဲတွယ်၊ မြင်စကတည်းက သူ့ကို စွဲစွဲမြဲမြဲချစ်ပါတယ်၊ ဘယ်မှာလည်း ချစ်သူရယ် မတွေ့တွေ့အောင်ပဲလိုက်လို့ ကိုယ်ရှာမယ်” ဟူသည့် မင်းသားဝင်းဦး သီဆိုသည့် ဇာတ်ဝင်တေးစာသားလေးကို ယနေ့တိုင် မမေ့နိုင်သေးသည်ကို အမှတ်ရပါသည်။ “မြန်မာ့အသံ”သည် ပြည်သူ့အချစ်တော်ဖြစ်ခဲ့သည်အမှန်။ “မြန်မာ့အသံ”နှင့်ပတ်သက်ပြီး မေ့မရသည်က ဘောလုံးပွဲများ အသံလွှင့်ခြင်းဖြစ်သည်။ ထိုစဉ်က “တိုင်းဘောပွဲ” ဟု လူသိများကြသည့် “တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲများ” ကို မြန်မာ့အသံမှ တိုက်ရိုက်အသံလွှင့်ခြင်းကို လူတိုင်းနှစ်သက်ကြသည်။

မြန်မာ့ဘောလုံးလောကသည်လည်း ထိုစဉ်က ရွှေခေတ်ဖြစ်ခဲ့သည်။ မြန်မာ့လက်ရွေးစဉ်အသင်းတွင် တိုင်းနှင့်ပြည်နယ်များမှ ဘောလုံးသမားအများစု ပါဝင်ခဲ့ကြသည်ကို တွေ့ရသည်။ တစ်နိုင်ငံလုံးရှိ ဘောလုံးကစားတော်သူ၊ ပါရမီပါသူများစွာကို ဖော်ထုတ်နိုင်ခဲ့သည်။ ကျွန်တော်တို့ ပဲခူးသားတို့က ပဲခူးတိုင်းအသင်းကို ရေဒီယိုမှ အားပေးကြသည်။ ပဲခူးတိုင်းအသင်းကစားမည့်ပွဲဆိုလျှင်၊ အိမ်တိုင်းမှာ လူအများစုနေကြသည်။ အထူးသဖြင့် ကျွန်တော်တို့ရပ်ကွက်သားများဖြစ်သော တင်စိန်၊ စံအေး၊ ဝင်းမြင့်တို့က ပဲခူးတိုင်းလက်ရွေးစဉ်များဖြစ်ကြရာ အထူးအားပေးကြသည်။ တင်စိန်၊ စံအေးတို့မှာ နောက်ပိုင်းတွင် မြန်မာ့လက်ရွေးစဉ်များ ဖြစ်သွားကြသည်။ ပဲခူးတိုင်းမှ ရဲညွန့်၊ ဝင်းမောင်၊ (သန်းစိုး) ဆတ်သီးတို့သည်လည်း မြန်မာ့လက်ရွေးစဉ်အသင်း၏ First Eleven များ ဖြစ်သွားခဲ့ကြသည်။

မြန်မာ့အသံမှ ဘောလုံးပွဲကြေညာပေးကြသူများ၏ အသံများကို ယနေ့တိုင်ကြားယောင်နေမိဆဲ၊ တသသစွဲနေဆဲဖြစ်သည်။ အသံရှင် ဦးဝင်းမြင့်ဆိုလျှင် နားထောင်သူကို ဘောလုံးကွင်းထဲအထိ ဆွဲယူသွားနိုင်သည်။ နားထောင်ရင်း မျက်စိထဲမြင်လာစေသည်။ “နားနှင့် မြင်အောင်ကြည့်” ရသလို စွမ်းဆောင်နိုင်သူဖြစ်သည်။ နောက်ပိုင်း ဦးတင်လှဆိုလျှင်လည်း အများကို လွှမ်းစွာ ဆွဲဆောင်နိုင်ခဲ့သူဖြစ်သည်။ အသံရှင်တို့၏အသံခေါ်ရာ ပါလာကြသည်။ နားထောင်နေရင်း “ဟာ” ခနဲ “ဟင်” ခနဲ ထခုန်ကြရသည်အထိ ဖြစ်ကြရပါသည်။

မြန်မာ့အသံ ဦးကျော်ဦး၊ ဦးဇော်ဝင်း၊ စန္ဒရားအောင်ခင် စသူတို့သည်ကား တစ်နိုင်ငံလုံး၏ အသံစွဲအသည်းစွဲများဖြစ်ရလောက်အောင် သဘာဝကျကျ အသံစွမ်းအားများ ရှိကြသည်။ အင်္ဂလိပ်ပိုင်းတွင် BBS(Burma Broadcasting Service)က အင်္ဂလိပ်ပိုင်းအစီအစဉ်များကို ကောင်းကောင်းအသံလွှင့်နိုင်ခဲ့သည်။ ညစဉ် ၉ နာရီထိုးချိန် တီးလုံးနှင့်အတူ အင်္ဂလိပ်ပိုင်းအစီအစဉ် ရောက်လာသည်။ “Here is the news, read by Hla Bu” ဆိုသည့် ပီသအသံသြဇာကောင်းလှသော အင်္ဂလိပ်ပိုင်းအစီအစဉ်ကြေညာသည့် ဦးလှဘူး၊ ဦးဖေတင်သိန်း စသူတို့နှင့်အတူ အင်္ဂလိပ်ပိုင်းအစီအစဉ်ဝိုင်းတော်သူ ဝိုင်းတော်သားတို့ကို ယနေ့တိုင် မမေ့နိုင်ပါ။

ထိုစဉ် ၁၉၇၀ ပြည့်နှစ်များက ကျွန်တော်သည် ဆေးတက္ကသိုလ်တက်ချိန်ဖြစ်သဖြင့် BBS နှင့် အတော်ကျွမ်းဝင်ပြီးဖြစ်သည်။ BBS ၏ အစီအစဉ်များတွင် Music at your Requset ကို မလွတ်တမ်းနားထောင်ရသလို စနေနေ့ ည ၉ နာရီခွဲတွင် Local Talents အစီအစဉ်လည်း လာနေကျဖြစ်ရာ အလွန်စိတ်ဝင်စားခဲ့ရသည့် အစီအစဉ်ဖြစ်သည်။ ယင်းတွင် မြန်မာနိုင်ငံအတွင်းမှ လူငယ်ဂီတဝါသနာရှင်များက အနောက်တိုင်းတေးဂီတများကို သီဆိုတီးမှုတ် အသံလွှင့်ခွင့်ရခြင်းဖြစ်သည်။ Tony Hundlay(ဘိုဘိုဟန်)၊ Mary Cornway(တင်မိုးခိုင်)၊ Joyce Win(နွဲ့ယဉ်ဝင်း) စသူတို့ ပါဝင်ခဲ့ကြသည်ကို အမှတ်ရမိပါသည်။ ဆရာမနွဲ့ယဉ်ဝင်းသည် ကျွန်တော်ဆေးတက္ကသိုလ် ပထမနှစ်က အင်္ဂလိပ်စာဌာနမှ ဆရာမလည်းဖြစ်ခဲ့သည်။

“မြန်မာ့အသံ” BBS သည် တာဝန်ကျေခဲ့သည့် ပြန်ကြားရေးဌာနတစ်ခု၊ လေးစားဖွယ်ကောင်းလောက်အောင် စွမ်းဆောင်နိုင်သည့်ဌာနတစ်ခုအဖြစ် ကျွန်တော်အပါအဝင် တစ်နိုင်ငံလုံးရှိပြည်သူအပေါင်း၏ ချစ်ခင်လေးစားမှုကို ရရှိခဲ့သည်ဖြစ်သည်။ ယခု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်တေးဂီတ ၇၅ ပုဒ်အပါအဝင် အလေးအမြတ်ထားဖွယ်အစီအစဉ်များကို စီစဉ်တင်ဆက်နေသည်ကို ကြည်နူးဖွယ်တွေ့မြင်ရပါသည်။

**စနစ်တကျ မွေးမြူမြေတောင် မြှောက်ပေးခဲ့**

အထူးသဖြင့် “မြန်မာ့အသံ” သည် အနုပညာရှင်ပေါင်းများစွာ၏ ကွန်းခိုရာ ပဋိရူပဒေသကြီးဖြစ်သည်။ အနုပညာရှင်များစွာကို မြေတောင်မြှောက်ပေးသော နေရာထူးကြီးတစ်ခုဖြစ်သည်။ ပဋ္ဌာန်းဒေသနာတွင် ဥတုဘောဇနပ္ပိ (ဥတုက အထူးထောက်ပံ့ခြင်း)၊ ပုဂ္ဂလောပိ (ပုဂ္ဂိုလ်ကအထူးထောက်ပံ့ခြင်း)၊ သေနာသနမ္ပိ (သေနာသနခေါ် နေရာဒေသက အထူးထောက်ပံ့ခြင်း)ဟူ၍ ဟောကြားတော်မူထားရာ၊ “မြန်မာ့အသံ”တည်းဟူသော “သေနာသန” နေရာဌာနကြီးက အနုပညာရှင်များစွာ၊ အတတ်ပညာရှင်များစွာကို စနစ်တကျ မွေးမြူမြေတောင်မြှောက်ပေးခဲ့ခြင်းဖြစ်သည်။

ဂန္ထဝင်တေးဂီတပညာရှင်ကြီးများစွာအတွက် ကြီးမားသောအထောက်အပံ့ဖြစ်စေခဲ့သည်ကို တွေ့နိုင်ပါသည်။ လေးစားမြတ်နိုးဖွယ်ဖြစ်ပါသည်။ မြန်မာ့အသံကို တာဝန်ယူဆောင်ရွက်ခဲ့ကြသော ပညာရှင်ကြီးများ၊ စေတနာရှင်ကြီးများ၏ ကျွမ်းကျင်မှု၊ တာဝန်ကျေပွန်မှုများကြောင့် မြန်မာ့အသံသည် ဂုဏ်ရှိသော အသံလွှင့်ဌာနတစ်ခုအဖြစ် မှတ်ကျောက်တင်ခံနိုင်ခဲ့ပါသည်။ မြန်မာ့အသံသည် “ရယူလိုမှု” ကို ဦးထိပ်ထားခဲ့ခြင်းမဟုတ်ဘဲ “ပေးဆပ်လိုမှု”ဖြင့်သာ အကောင်းဆုံးဆောင်ရွက်ခဲ့သည်။ မြန်မာ့အသံ၏ စိတ်ဓာတ်နှင့် လုပ်အားတို့ကို နှောင်းလူတို့ လေးစားတန်ဖိုးထား အတုယူသင့်သည်ဟုလည်း ဆိုချင်ပါသည်။ အကြောင်းက ခေတ်ကာလလူငယ်တို့တွင် အလုပ်တစ်ခုခုလုပ်လျှင် ဘာပေးဆပ်ရမည်ဆိုသည်ထက် ဘာကိုရမည်နည်း၊ ဘယ်နေရာကိုရနိုင်မည်နည်းဆိုသည့် “ရယူလိုစိတ်” က ရှေ့တန်းရောက်တတ်သောကြောင့်ဖြစ်သည်။

ကျွန်တော်ဖတ်ဖူးသော ဖြစ်စဉ်ကလေးတစ်ခု တင်ပြလိုပါသည်။ “အမေရိကန်ပြည်ထောင်စုမှာ မီးရထားလမ်းများ ဖောက်လုပ်စဉ်က အလုပ်သမားလေးနှစ်ဦးတို့ဟာ နံနက်စောစောထ၊ ပေါက်တူးလေးတွေ ထမ်းပြီး သူတို့အလုပ်ခွင်ဆီသွားကြရပါတယ်။ သူတို့ဟာ မီးရထားလမ်းများဖောက်ရာမှာ အလုပ်လုပ်ရတဲ့ ကာယလုပ်သားလေးတွေဖြစ်ကြပါတယ်။ တစ်နေ့ကို ၁ ဒသမ ၇၅ ဒေါ်လာသာ ရကြပါတယ်။ တစ်နေ့လုံး အလုပ်လုပ်ပြီး ရတဲ့ငွေလေးတွေကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အိမ်ပြန်ကြရပါတယ်။ မီးရထားလမ်းကြီးပြီးအောင် နှစ်နဲ့ချီပြီး အလုပ်လုပ်ကြရပါတယ်။

ဒီလိုနဲ့ ၂၃ နှစ်အကြာ နေသာတဲ့နေ့တစ်နေ့ မီးရထားလမ်း အလုပ်ခွင်ဆီကို လမ်းတည်ဆောက်ရေးဥက္ကဋ္ဌဖြစ်သူ ဂျင်မာစီဆိုသူက ရထားငယ်လေးစီးပြီး လိုက်လံစစ်ဆေးရင်း ရောက်ရှိလာပါတယ်။ အလုပ်သမားများကို ရထားပေါ်ကကြည့်ရင်း၊ အလုပ်လုပ်နေသူတစ်ဦးကိုတွေ့တော့ “ဟေ့ ဒေ့ဗ် မဟုတ်လား” လို့ လှမ်းမေးလိုက်ပါတယ်။ ဒီအခါ ဒေ့ဗ်ဆိုသူက “ဟုတ်တာပေါ့၊ ဂျင်မ်ရေ မင်းနဲ့ကွဲသွားတာ၊ မတွေ့ရတာကြာလှပေါ့၊ ခုလို တွေ့ရတာ သိပ်ဝမ်းသာသကွာ”လို့ ပြန်ပြောလိုက်ပါတယ်။ ပြီးနောက် ဂျင်မာစီက ဒေ့ဗ်ကို ရထားပေါ် လှမ်းခေါ်ပြီး တစ်နာရီကြာလောက် စကားစမြည်များ ပြောကြပါတယ်။

**အလုပ်မှာ စေတနာသာထားပြီးလုပ်**

စကားတွေပြောကြပြီး လမ်းဥက္ကဋ္ဌ ဂျင်မာစီက ဆက်လက်ထွက်ခွာသွားပါတယ်။ ရထားကို ငေးကြည့်နေတဲ့ ဒေ့ဗ်ကို ဘဝတူ အလုပ်သမားများက မေးခွန်းတွေ မေးကြပါတယ်။ သူတို့နှစ်ဦးဟာ အရင်က အခုလို ဘဝတူအလုပ်သမားလေးတွေပါပဲ။ တစ်နေ့ကို ၁ ဒသမ ၇၅ ဒေါ်လာစားလေးတွေပါပဲ။ သိပ်ခင်မင်ကြတဲ့ ငယ်သူငယ်ချင်းတွေလည်း ဖြစ်ကြတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်ကတည်းက အတူတူအလုပ်ဝင်ခဲ့ကြတယ်။ ဒါပေမယ့် ဂျင်မာစီက လမ်းဥက္ကဋ္ဌဖြစ်နေပြီး ဒေ့ဗ်ကတော့ သာမန်အလုပ်သမားလေးပဲ ဖြစ်နေသေးတယ်။ အဲဒါ ဘာကြောင့်လဲဆိုတဲ့ မေးခွန်းကို အဓိကထား မေးကြပါတယ်။ ဒီအခါမှာ ဒေ့ဗ်က “ငါကတော့ လွန်ခဲ့တဲ့ ၂၃ နှစ်ကြာ ကာလကတည်းက ဒီအလုပ်ကနေ တစ်နေ့ ၁ ဒသမ ၇၅ ဒေါ်လာရဖို့သာ စိတ်ထဲထားခဲ့တယ်။ ဒါပေမယ့် ဂျင်မာစီကတော့ သူလုပ်နေတဲ့ ရထားလမ်းကြီးကောင်းစေဖို့ အလုပ်လုပ်ခဲ့တာကွ။ ဒါကြောင့် သူနဲ့ငါ ကွာခြားသွားတာ” လို့ ဖြေလိုက်ပါတယ်။ တကယ်တော့ အလုပ်မှာ စေတနာသာထားပြီးလုပ်ပါက တန်ပြန်အကျိုးပေးတတ်သည့် သဘောဖြစ်သည်။

ယင်းကို ယခုဖြစ်စဉ်လေးတွင် တွေ့နိုင်ပါသည်။ နေရာတကာ ရဖို့တစ်ခုတည်းကိုသာ စိတ်ထဲထားပြီး လုပ်သူတို့ အောင်မြင်မှုမရနိုင်ဘူးဆိုသည်ကိုလည်း တွေ့နိုင်ပါသည်။ “Follow Excellence, Success will Follow you”. “ကျွမ်းကျင်အောင်သာလုပ်ပါ၊ အောင်မြင်မှုက လိုက်လာလိမ့်မယ်” ဆိုသော မှတ်သားဖွယ်အဆိုရှိပါသည်။ မြန်မာ့အသံ၏ လေးစားဖွယ်စိတ်ဓာတ်မျိုးကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အဆက်ဆက်သော ဝန်ထမ်းများသာမက မျိုးဆက်သစ်များအားလုံးက လိုက်နာအတုယူသင့်သည်သာဖြစ်သည်။

“မြန်မာ့အသံ”ကို ဖန်တီးတည်ဆောက်ခဲ့သော ဝန်ထမ်းကြီးများ ထွက်ခွာစွန့်ခွာခဲ့ကြသော်လည်း မြန်မာ့အသံ၏ ဂုဏ်သတင်းက မွှေးနေဆဲဖြစ်နေခြင်း၊ မမေ့နိုင်ဖြစ်နေခြင်းမှာ ဝန်ထမ်းကောင်းကြီးတို့၏ စိတ်ဓာတ်ကြောင့်ဖြစ်သည်ဆိုလျှင် လွဲမည်မဟုတ်ပေ။ လောကကြီးမှ ထွက်ခွာခဲ့ကြပြီဖြစ်သည့် မြန်မာ့အသံဝန်ထမ်းဟောင်းကြီးများ၊ သက်ရှိထင်ရှားရှိနေဆဲ ဝန်ထမ်းဟောင်းကြီးများကို အစဉ်လေးစားလျက်ရှိပါကြောင်းနှင့် “မြန်မာ့အသံစိတ်ဓာတ်” သည်လည်း အများလေးစား တန်ဖိုးထားအပ်ရာတစ်ခုဖြစ်ပါကြောင်း “(၇၅) နှစ်မြောက် မြန်မာ့အသံ” အား ဂုဏ်ပြုရေးသားအပ်ပါသည်။

**“မြန်မာ့အသံ” BBS သည် တာဝန်ကျေခဲ့သည့် ပြန်ကြားရေးဌာနတစ်ခု၊ လေးစားဖွယ်ကောင်းလောက်အောင် စွမ်းဆောင်နိုင်သည့်ဌာနတစ်ခုအဖြစ် ကျွန်တော်အပါအဝင် တစ်နိုင်ငံလုံးရှိပြည်သူအပေါင်း၏ ချစ်ခင်လေးစားမှုကို ရရှိခဲ့သည်ဖြစ်သည်။ ယခု မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်တေးဂီတ ၇၅ ပုဒ်အပါအဝင် အလေးအမြတ် ထားဖွယ်အစီအစဉ်များကို စီစဉ်တင်ဆက်နေသည်ကို ကြည်နူးဖွယ် တွေ့မြင်ရ**

# ဟူသီလက်နက်ကိုင်အဖွဲ့အား နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းစာရင်းမှ အမေရိကန်ထုတ်ပယ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**

ယီမင်နိုင်ငံရှိ ဟူသီလက်နက်ကိုင်အဖွဲ့အား နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းစာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ယမန်နေ့က ပြောကြားခဲ့သည်။

သမ္မတဟောင်း ဒေါ်နယ်ထရမ့်က ဟူသီလက်နက်ကိုင် အဖွဲ့အား ပြီးခဲ့သောဇန်နဝါရီလအတွင်း နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့သည်။

အဆိုပါအဖွဲ့အား နိုင်ငံတကာအကြမ်းဖက် အဖွဲ့အစည်းစာရင်းမှ ပယ်ဖျက်ခြင်းသည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုး များကို ကန့်သတ်ရန်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆိုသည်။

ကုလသမဂ္ဂအဖွဲ့နှင့် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာအဖွဲ့အစည်းများကလည်း အမေရိကန်အစိုးရ အနေဖြင့် ဟူသီလက်နက်ကိုင်အဖွဲ့အား နိုင်ငံတကာ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခြင်းသည် ကမ္ဘာ့ အဆိုးရွားဆုံးဖြစ်သည့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကျပ်အတည်းကို အရှိန်မြှင့်တင်ရာရောက်မည် ဖြစ်ကြောင်း ယခင်က သတိပေးပြောကြားခဲ့သည်။

သမ္မတ ဂျိုးဘိုင်ဒင်က ဖေဖော်ဝါရီ ၄ ရက်မှစတင်ပြီး ဟူသီလက်နက်ကိုင်အဖွဲ့အား ဆန့်ကျင်သည့် ဆော်ဒီ အာရေဗျဦးဆောင်သော ညွန့်ပေါင်းအဖွဲ့အား ထောက်ပံ့ငွေ များပေးခြင်းကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# စီးပွားရေးပိတ်ဆို့မှုများကို ဖယ်ရှားပေးရန် အမေရိကန်အစိုးရအား အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ် တောင်းဆို

**တီဟီရန် ဖေဖော်ဝါရီ ၇**

အီရန်နိုင်ငံအပေါ်ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှု များကို ဖယ်ရှားပေးရန် အမေရိကန်အစိုးရအား အီရန် နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်က ဖေဖော်ဝါရီ ၆ ရက် တွင် တောင်းဆိုခဲ့ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် ၎င်းကတိကဝတ် ပြုထားသည့်အတိုင်း လေးစားလိုက်နာရန် ပူးတွဲဘက်စုံ လုပ်ဆောင်မှုအစီအစဉ်(ဂျေစီပီအိုအေ)ဟု လူသိများသည့် ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူစာချုပ်သို့လည်း ပြန်လည်ဝင်ရောက်လာရန် အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်က အမေရိကန်အစိုးရသစ်အား တောင်းဆို ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံက ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီမှုဆိုင်ရာ ကတိကဝတ်များကို လိုက်နာမှု အားနည်းခဲ့ခြင်းကြောင့် ၂၀၁၈ ခုနှစ်တွင် အီရန် နျူကလီးယားသဘောတူစာချုပ်မှ အမေရိကန်နိုင်ငံ နုတ်ထွက်ခြင်းကို ဖြစ်ပေါ်စေခဲ့ခြင်းဖြစ်ကြောင်းလည်း ဂျာဗက်ဇာရစ်က မှတ်ချက်ပြုပြောကြားခဲ့သည်။

အီရန်နျူကလီးယားသဘောတူညီချက်သို့ အမေရိကန် နိုင်ငံ ပြန်လည်ဝင်ရောက်ပါက မကြာမီကာလအတွင်း အီရန်နိုင်ငံအနေဖြင့်လည်း နျူကလီးယားသဘော တူညီချက်နှင့်အညီ လိုက်နာဆောင်ရွက်သွားမည် ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗက်ဇာရစ်က ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ ပြန်လည်ကျန်းမာလာမှု ၉၇ ရာခိုင်နှုန်းကျော်ရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၇**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူများ ပြန်လည် ကျန်းမာလာမှုနှုန်းသည် ဖေဖော်ဝါရီ ၆ ရက်တွင် ၉၇ ဒသမ ၁၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

လတ်တလောအချိန်ထိ ကိုဗစ်-၁၉ လူနာဦးရေ ၁၀၅၁၀၇၉၆ ဦးအား ဆေးဝါးကုသပေးနိုင်ခဲ့ပြီး လူနာ ဦးရေ ၁၄၈၅၉၀ မှာ ဆေးဝါးကုသမှု ဆက်လက်ခံယူနေဆဲ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံတွင်း၌ ရောဂါပိုးကူးစက်မှုအသစ် ၁၁၇၁၃ ဦးရှိခဲ့ပြီး ယင်းရောဂါဖြင့် သေဆုံးသူ ၉၅ ဦးကို အတည်ပြုနိုင်ခဲ့ကာ ပြန်လည် ကျန်းမာလာသူ ၁၄၄၈၈ ဦး ရှိခဲ့သည်။

အိန္ဒိယတစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၈၁၄၃၀၄ ဦးနှင့် သေဆုံးသူပေါင်း ၁၅၄၉၁၈ ဦးသို့ ရောက်ရှိခဲ့ပြီးဖြစ်သည်။

လူဦးရေသန်း ၁၃၀၀ ကျော်ရှိသည့် အိန္ဒိယနိုင်ငံ၌ လူဦးရေ၏ ၁ ဒသမ ၃၇ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု ခံနေရသည်။

အိန္ဒိယနိုင်ငံ၌ လတ်တလောတွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးစီးခဲ့သည့် လူဦးရေပေါင်းမှာ ၂၀၀၆၇၂၅၈၉ ဦးရှိပြီဖြစ်သည်။ ဖေဖော်ဝါရီ ၅ ရက်တစ်ရက်တည်းတွင် လူပေါင်း ၇၄၄၀၇၉၄ ဦးအား ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေး နိုင်ခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- ဇော်ဝင်း**



# နယ်သာလန်နိုင်ငံ၌ ၁၀ နှစ်အတွင်း အပြင်းထန်ဆုံးသော နှင်းမုန်တိုင်းတိုက်ခတ်

**သည်ဟိဂ် ဖေဖော်ဝါရီ ၇**

နယ်သာလန်နိုင်ငံ၌ နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ မော်တော်ကားများလမ်းမများပေါ်၌ ပိတ်ဆို့ ခဲ့ပြီး မီးရထားခရီးစဉ်များလည်း ယာယီပိတ်ဆို့ ထားရကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါနှင်းမုန်တိုင်းသည် ၁၀ နှစ်အတွင်း အပြင်းထန်ဆုံးဖြစ်ကြောင်းနှင့် အဆိုပါ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးစင်တာများကိုလည်း ယာယီပိတ်ပင်ထားခဲ့ရကြောင်း သိရသည်။

နယ်သာလန်မိုးလေဝသနှင့် ဇလဗေဒ အေဂျင်စီက နှင်းမုန်တိုင်းတိုက်ခတ်မှုကို အနီရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံ တစ်ဝန်း၌ တစ်နာရီလျှင် ၉၀ ကီလိုမီတာ နှုန်းဖြင့် လေပြင်းများတိုက်ခတ်နိုင်ဖွယ် ရှိကြောင်းနှင့် အအေးလွန်ကဲမှုများဖြစ်ပေါ်လာ နိုင်ကြောင်း သတိပေးပြောကြားခဲ့သည်။



နှင်းမုန်တိုင်းတိုက်ခတ်လျက်ရှိစဉ် နိုင်ငံ တစ်ဝန်းရှိ နေရာအများအပြား၌ နှင်းထု ၁၀ စင်တီမီတာအမြင့်အထိရှိခဲ့ပြီး အချို့ဒေသ များတွင် ၃၀ စင်တီမီတာအထိ ရှိခဲ့ကြောင်း သိရသည်။

မီးရထားပြေးဆွဲမှုများကို ယနေ့ည ၁၂ နာရီထိတိုင် ပိတ်ပင်ထားမည်ဖြစ်ပြီး ပြည်သူ များအား နေအိမ်များ၌ပင် နေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းပြောကြား ခဲ့သည်။

နယ်သာလန်နိုင်ငံအတွင်း ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလအတွင်းက ယခုကဲ့သို့ နှင်းမုန်တိုင်း တိုက်ခတ်ခဲ့ကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဗြိတိန်နိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းခွင်ရှိ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်

**လန်ဒန် ဖေဖော်ဝါရီ ၇**

ဗြိတိန်နိုင်ငံရှိ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းခွင်ရှိ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းကို ယနေ့တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ အစိုးရက သက်ဆိုင်ရာ ကုမ္ပဏီများအား နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါကူးစက်မှုကို ထိန်းချုပ်ရာတွင် ကူညီဆောင်ရွက် ပေးရန် ပန်ကြားခဲ့ရာမှ ယခုကဲ့သို့သော ဆောင်ရွက်ချက်များကို ကုမ္ပဏီများက တိုးမြှင့်လာခဲ့ခြင်း ဖြစ်သည်။

ဝန်ထမ်း ၅၀ နှင့်အထက်ရှိသော လုပ်ငန်းများအနေဖြင့် ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ မိနစ် ၃၀ အတွင်း သိရှိနိုင်သော စစ်ဆေးမှုများကို ဆောင်ရွက်လာကြကြောင်း ဘီဘီစီ သတင်းဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါပျံ့နှံ့မှုအား တားဆီးနိုင်ရေးအတွက် အဆိုပါရောဂါစစ်ဆေးမှုများတွင် ပါဝင်စစ်ဆေးမှုခံယူကြရန် ဗြိတိန်ကျန်းမာရေးဝန်ကြီး မတ်ဟန်းကော့က ပြောကြားသည်။

လူသုံးဦးလျှင်တစ်ဦးနှုန်း ရောဂါလက္ခဏာမပြသဘဲရောဂါကူးစက်နေနိုင်ပြီး ၎င်းတို့မှ တစ်ဆင့် အခြားသူများထံ ရောဂါကူးစက်ခံရနိုင်သဖြင့် ရောဂါလက္ခဏာမပြသဘဲ ရောဂါကူးစက် ခံနေရသူများအား ကိုဗစ်-၁၉ရောဂါစစ်ဆေးပေးရေးသည် အရေးကြီးကြောင်း ၎င်းကပြောကြား သည်။ ယခုကဲ့သို့လုပ်ငန်းခွင်များအတွင်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက် နိုင်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးပြန်လည် လည်ပတ်နိုင်စေရန် အထောက်အကူပြုကြောင်း ဗြိတိန်စီးပွားရေးဝန်ကြီး ကွာဆီကွာတန်က ပြောကြားသည်။ ဗြိတိန်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရာတွင် ဦးစားပေးထိုးနှံပေးရမည့် လူ ၁၅ သန်းအား ဖေဖော်ဝါရီလအလယ်တွင် အောင်မြင်စွာ ထိုးနှံပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# ပီရူးသမ္မတက တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ပထမဆုံး ခံယူမည်



**လီမာ ဖေဖော်ဝါရီ ၇**
ပီရူးသမ္မတ ဖရန်စစ္စကိုဆာဂါးစ်တီးသည် ပီရူးနိုင်ငံ၌ တရုတ်ဆေးဝါးကုမ္ပဏီ Sinopharm မှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ထိုးနှံမှု ပထမဦးဆုံးခံယူသော ပုဂ္ဂိုလ်တစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း ပီရူးကျန်းမာရေးဝန်ကြီး ပီလာမာ့ဇက်တီက ယနေ့ပြောကြားသည်။

သမ္မတအနေဖြင့် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ပထမဆုံးခံယူခြင်းသည် အရေးကြီးသောလုပ်ဆောင်ချက်တစ်ရပ်ပင်ဖြစ်ကြောင်း၊ အကြောင်းမှာ ယင်းကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးနှင့်ပတ်သက်၍ ပြည်သူအားလုံးသို့ သတင်းစကားပေးပို့မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပီရူးအသံလွှင့်ဌာနသို့ ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးက မိမိတို့အားလုံး၏ ကျန်းမာရေးအတွက် အထောက်အကူပြုသည်ဟု ပြသသည့်အနေဖြင့် သမ္မတကိုယ်တိုင်က ကာကွယ်ဆေးထိုးနှံမှု ပထမဆုံးခံယူရမည်ကို မိမိတို့အားလုံး သဘောတူခဲ့ကြသလို ယင်းကာကွယ်ဆေး ထိုးနှံခြင်းအားဖြင့် မိမိတို့အားလုံးအတွက် ပိုမိုကောင်းမွန်သော ရောဂါကာကွယ်ရေးဆိုင်ရာ အာမခံချက်တစ်ခုရရှိလိမ့်မည်ဟု မျှော်မှန်းထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အဆိုပါ ဆေးဝါးကုမ္ပဏီထုတ် ပထမအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ပီရူးနိုင်ငံသို့ ယနေ့ရောက်ရှိခဲ့ကြောင်း သိရသည်။

လတ်တလောအချိန်တွင် ပီရူးနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့ရလျက်ရှိရာ ရောဂါပြင်းထန်သော လူနာများအား ကုသပေးရန် အောက်ဆီဂျင်စက်နှင့် လူနာခုတင်မလုံလောက်မှုများနှင့်အတူ နိုင်ငံအတွင်းရှိ အစိုးရဆေးရုံအားလုံးနီးပါးတွင် ကိုဗစ်-၁၉ ရောဂါလူနာများဖြင့် ပြည့်နှက်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်အထိ ပီရူးနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁၆၅၀၅၂ ဦးရှိပြီး ၎င်းတို့အနက် ၄၁၇၅၃ ဦးသည် ထိုရောဂါကြောင့် သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ဇန်နဝါရီလတွင် ကျဆင်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၇**
အမေရိကန်ပြည်ထောင်စု၏ ဇန်နဝါရီလ အလုပ်လက်မဲ့နှုန်းသည် ၆ ဒသမ ၃ ရာခိုင်နှုန်း ရှိခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ အလုပ်လက်မဲ့နှုန်းထက် သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အလုပ်သမားဝန်ကြီးဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

ထို့ပြင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမဟုတ်သည့် အလုပ်အကိုင်များတွင် ဒီဇင်ဘာလ၌ အလုပ်အကိုင်နေရာ ၄၉၀၀၀ အထိ တိုးတက်ခဲ့ပြီး နှစ်လအတွင်း ပထမဆုံး တိုးတက်မှုဖြစ်သည်။

သို့ရာတွင် စားနပ်ရိက္ခာထုတ်လုပ်ရေးဝန်ဆောင်မှု၊ အပန်းဖြေလုပ်ငန်းများ၊ လက်လီ အရောင်းလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရုံလုပ်ငန်းများ၌ အလုပ်အကိုင်များ ဆုံးရှုံးခဲ့ကြရသည်။

အမေရိကန်ပြည်ထောင်စုတွင် အလုပ်လက်မဲ့ဦးရေမှာ ၁၀ သန်းကျော်အထိ ရှိနေဆဲ ဖြစ်သည်။ နိုင်ငံတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ဆေး ဖြန့်ဖြူးမှုများ တိုးတက်လာသည်နှင့်အမျှ အခြေအနေများ ပိုမိုကောင်းမွန်လာမည်ဟု မျှော်လင့်ချက်များရှိနေသော်လည်း အမေရိကန်ပြည်ထောင်စုအတွင်းရှိ အချို့ဒေသများတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုကို အာဏာပိုင်များက တားမြစ်ထားဆဲဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း




# တရုတ်မှလှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအသုတ် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိ

**ဖနောင်ပင် ဖေဖော်ဝါရီ ၇**
တရုတ်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံသို့ လှူဒါန်းထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ် ကမ္ဘောဒီးယားနိုင်ငံသို့ ယနေ့ရောက်ရှိလာခဲ့ပြီး ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကိုယ်တိုင်က လေဆိပ်သို့ သွားရောက်ကြိုဆိုခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံအတွင်းရှိ ရုပ်သံလိုင်းများသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinopharm ကမ္ဘောဒီးယားလေဆိပ်သို့ ရောက်ရှိစဉ် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ကိုယ်တိုင်က လေဆိပ်သို့ သွားရောက်ကြိုဆိုသည့် သတင်းရုပ်သံများကို တိုက်ရိုက်ထုတ်လွှင့်ထားကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိလာခြင်းသည် ကိုဗစ်-၁၉ ရောဂါ ပူးတွဲတိုက်ဖျက်ရေးနယ်ပယ်၌ ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသမိုင်းမှတ်တိုင်ကို ထင်ဟပ်ပေါ်လွင်စေခဲ့သည့်အပြင် ကမ္ဘောဒီးယားနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်သွားသည့် စီးပွားရေး မြန်မြန်ဆန်ဆန် ပြန်လည်ဦးမော့လာရေးနှင့် ကမ္ဘောဒီးယားပြည်သူများအနေဖြင့် ပုံမှန်ဘဝသို့ ပြန်ရောက်နိုင်ရေးအတွက် မျှော်လင့်ချက်တစ်ခု ဖြစ်လာစေခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# အိန္ဒိယမြောက်ပိုင်း၌ ရေခဲတောင်ပြိုကျမှုကြောင့် လူ ၁၅၀ ခန့်ပျောက်ဆုံးနေ

**နယူးဒေလီ ဖေဖော်ဝါရီ ၇**
အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမဝန္တာဒေသရှိ ကြီးမားသည့် ရေခဲတောင်တစ်ခုပြိုကျမှု ယနေ့တွင် ဖြစ်ပွားခဲ့ပြီးနောက် တောင်တန်းဒေသဖြစ်သည့် ဥတ္တရာခန်းပြည်နယ်၌ လူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၅၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း ပြည်နယ်အတွင်းရေးမှူးချုပ် အုမ်ပါရာကတ်ရှ်၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာမီဒီယာများက သတင်းဖော်ပြထားသည်။



ရေခဲတောင်ပြိုကျမှုဒဏ် ခံခဲ့ရသည့်ဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။ ပျောက်ဆုံးနေသူများအနက်မှ အများအပြားမှာ ဥတ္တရာခန်း ပြည်နယ်ရှိ ရီရှီဂန်ဂါ ရေအားလျှပ်စစ်စီမံကိန်းတွင် အလုပ် လုပ်ကိုင်လျက်ရှိကြသော အလုပ်သမားများဖြစ်ကြောင်းလည်း ပုဂ္ဂလိက သတင်းအေဂျင်စီ Asian News International က သတင်းဖော်ပြခဲ့သည်။

အဆိုပါ ရေခဲတောင်ပြိုကျမှုဖြစ်ပွားခဲ့သည့် ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်လည်း အိန္ဒိယရေတပ်နှင့် အိန္ဒိယကြည်းတပ်က သတိပေးချက်ထုတ်ပြန်ထားပြီး ယင်း သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုသည် အိန္ဒိယစံတော်ချိန် နံနက် ၁၀ နာရီခန့်တွင် ဖြစ်ပွားခဲ့ကြောင်းလည်း သိရသည်။

ရီရှီဂန်ဂါ ရေအားလျှပ်စစ်စီမံကိန်း၏ အစိတ်အပိုင်းများသည် ရေခဲတောင်ပြိုကျမှု ဖြစ်ပွားခြင်းကြောင့် ပျက်စီးသွားခဲ့ကြောင်းလည်း ဥတ္တရာခန်းပြည်နယ်ဝန်ကြီးချုပ် ထရီဗန်ဒါဆင်းရာဝတ်က အိန္ဒိယတုဒေးသို့ ပြောကြားခဲ့သည်။ လက်ရှိတွင် အဆိုပါ ရေခဲတောင်ပြိုကျမှုနှင့် စပ်လျဉ်း၍ အနီရောင်အဆင့် သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၀၀၀ ကျော်ရှိခဲ့

**မော်စကို ဖေဖော်ဝါရီ ၇**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၀၄၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၃၉၆၇၂၈၁ ဦးအထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။



ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၃၂ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည်လည်း ၇၆၆၆၁ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၁၉၈၈၄ ဦးရှိခဲ့ခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၄၅၆၂၁၀ ဦးရှိလာခဲ့ကြောင်းလည်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ပြောကြားခဲ့သည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဒေသဖြစ်ပြီး ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၉၄၃၇၂၄ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ မျှဝေပေးရန် ကာကွယ်ဆေး ထိုးနှံပြီးသည့်နိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တိုက်တွန်း

**ဂျီနီဗာ ဖေဖော်ဝါရီ ၇**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အများဆုံးထိုးနှံပြီးသည့် နိုင်ငံများအနေဖြင့် ကာကွယ်ဆေး ထိုးနှံမှုမရှိသေးသည့် နိုင်ငံများအား ကာကွယ်ဆေးများ မျှဝေပေးရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒ်ဖနွန် ဂါဘရီယီဆက်စ်က တိုက်တွန်းပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများအနက် နိုင်ငံပေါင်း ၁၃၀ ဝန်းကျင်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို လက်ရှိအချိန်အထိ မစတင်ရသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ်အက်ဒ်ဖနွန် ဂါဘရီယီဆက်စ်က ယမန်နေ့တွင် ပြောကြားခဲ့သည်။ အဆိုပါနိုင်ငံများရှိ လူဦးရေစုစုပေါင်း ၂ ဒသမ ၅ ဘီလီယံခန့်သည် ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုမခံယူရသေးကြောင်း ၎င်းက ဆိုသည်။

ကမ္ဘာ့နိုင်ငံများအနက် ၁၀ နိုင်ငံခန့်သာ ၎င်းတို့၏ လူဦးရေ လေးပုံသုံးပုံကျော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့နိုင်ငံများ၏ အစိုးရများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးနှံပေးပြီးပါက ကမ္ဘာအရပ်ရပ်ရှိကာကွယ်ဆေးမထိုးရသေးသော ပြည်သူများအတွက် ကာကွယ်ဆေးများ မျှဝေပေးစေလိုကြောင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်သို့ ကာကွယ်ဆေးများ လှူဒါန်းစေလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အက်ဒ်ဖနွန် ဂါဘရီယီဆက်စ်က ပြောကြားခဲ့သည်။ **ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## နိုင်ဂျီးရီးယားနိုင်ငံအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေး အထောက်အပံ့ပေးသွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**လာဂို့စ် ဖေဖော်ဝါရီ ၇**

နိုင်ဂျီးရီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးစုဆောင်းရေး၊ ဖြန့်ဖြူးရေးနှင့် ထိုးနှံရေးလုပ်ငန်းစဉ်များအတွက် လိုအပ်ချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် ဝေါလ်တာ ကာဇာဒီ မိုလန်ဘူးက ယမန်နေ့တွင် ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယား အပါအဝင် အာဖရိကနိုင်ငံများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာကာကွယ်ဆေးထောက်ပံ့ရေး အစီအစဉ် COVAX မှ ကိုဗစ်-၁၉ ကာကွယ်ဆေးများရရှိနိုင်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဌာနေကိုယ်စားလှယ် ဝေါလ်တာ ကာဇာဒီ မိုလန်ဘူးက ပြောကြားခဲ့သည်။

ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်း ၄၀ ကျော်ကို နိုင်ငံ၏ လူဦးရေငါးပုံ တစ်ပုံအား ထိုးနှံပေးနိုင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေး ထောက်ပံ့ရေး အစီအစဉ် COVAX မှ ရရှိနိုင်ရန် မျှော်လင့်ထားကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနေဖြင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အာဖရိကဒေသသို့ ဖေဖော်ဝါရီလကုန်တွင် ဖြန့်ဖြူးပေးသွားနိုင်ရန် စီစဉ်ထားပြီး ယခုအချိန်တွင် အရေးပေါ်အခြေအနေများ၌ သုံးစွဲရန် သင့်၊ မသင့် ပြန်လည်အကဲဖြတ်နေကြောင်း သိရသည်။ အာဖရိကဒေသရှိ နိုင်ငံများအား ဆေးဝါးဖြန့်ဖြူးမှု ပထမအဆင့်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၈၈ သန်း ဖြန့်ဖြူးပေးရန် စီစဉ်ထားပြီး နိုင်ဂျီးရီးယားနိုင်ငံအနေဖြင့် ၁၆ သန်း ရရှိမည်ဖြစ်ကြောင်း ကာဇာဒီက ပြောကြားသည်။

COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်၊ ရောဂါဖြစ်ပွားသူအရေအတွက်၊ နိုင်ငံ၏ လူဦးရေနှင့် ဆေးဝါးများ သိုလှောင်ရန် အအေးခန်းစနစ်များ ကောင်းမွန်မှု ရှိ၊ မရှိတို့ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထည့်သွင်းစဉ်းစားကြောင်း နိုင်ဂျီးရီးယား အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဖေဇယ် ရှူအက်က ပြောကြားသည်။

မိမိတို့နိုင်ငံအနေဖြင့် ခွဲဝေရရှိမည့် ဆေးပမာဏကို သိုလှောင်သိမ်းဆည်းထားနိုင်ရန် အအေးခန်းစနစ်များမှာ ကောင်းမွန်ကြောင်းလည်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**






## တရုတ်ဆေးဘက်ဆိုင်ရာအာဏာပိုင်များက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသစ်တစ်မျိုး အသုံးပြုရန် အတည်ပြု

**ပေကျင်း ဖေဖော်ဝါရီ ၇**

တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသစ်တစ်မျိုးကို နိုင်ငံအတွင်း အသုံးပြုရန် ယနေ့ အတည်ပြုခဲ့ကြောင်း သိရသည်။

ထို့ကြောင့် Sinovac Biotech ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် နိုင်ငံအတွင်း အသုံးပြုရန် ဒုတိယမြောက်အတည်ပြုပေးခဲ့သည့် ကာကွယ်ဆေးဖြစ်လာခဲ့သည်။ Sinovac Biotech ဆေးဝါးကုမ္ပဏီက ၎င်းတို့၏ ကာကွယ်ဆေးကို လက်တွေ့စမ်းသပ်မှုများ ဆက်လက်လုပ်ဆောင်ခဲ့ပြီး ရလဒ်ထွက်ပေါ်မှုများအပေါ် အစီရင်ခံစာများတင်သွင်းခဲ့ရာ တရုတ်ဆေးဘက်ဆိုင်ရာ အာဏာပိုင်များက အဆိုပါကာကွယ်ဆေးကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဒုတိယမြောက်အသုံးပြုရန် ခွင့်ပြုလိုက်သည့် အဆိုပါကာကွယ်ဆေးကို နိုင်ငံအတွင်းရှိ ရောဂါ ပြင်းထန်စွာ ခံစားရသည့် လူနာများအား ထိုးနှံပေးလျက်ရှိသည့်အပြင် အင်ဒိုနီးရှား၊ တူရကီနှင့် ဘရာဇီးနိုင်ငံများအပါအဝင် အခြားသောနိုင်ငံများတွင်လည်း အသုံးပြုလျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ ဖေဖော်ဝါရီ ၃ ရက်အထိ ကာကွယ်ဆေးထိုးနှံပြီးသူ ၃၁ သန်းကျော်ရှိပြီဖြစ်ကြောင်းနှင့် Sinopharm ကုမ္ပဏီမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ထိုးနှံပေးခြင်းဖြစ်သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ ၁၀၆၄၂၇၁၀၃ ဦး**

**သေဆုံးသူ ၂၃၂၂၀၅၃ ဦး**

**ပြန်လည်ကျန်းမာလာသူ ၇၈၀၈၄၉၀၉ ဦး**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်နိုင်ငံလုံးအတိုင်းအတာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်

**ဒါကာ ဖေဖော်ဝါရီ ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ယနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်လိုက်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီး ဇာဟစ်မာလီကွေးက ဒါကာမြို့တော်ရှိ ကျန်းမာရေးညွှန်ကြားမှုဦးစီးဌာန၌ အွန်လိုင်းမှ တစ်ဆင့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် ယနေ့ဖွင့်လှစ်ပေးခဲ့သည်။ "ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်အား တစ်နှစ်ပတ်လုံး ဆက်လက်လုပ်ဆောင်မှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံမယ့် ပြည်သူတွေအနေနဲ့ အွန်လိုင်းမှတ်ပုံတင်မှုပြုလုပ်ပြီးရင် ကာကွယ်ဆေးထိုးနှံခွင့်ရရှိမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံရေးအဖွဲ့ပေါင်း ၂၄၀၀ ဖြန့်ကြက်မည်ဟု ကျန်းမာရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ခါရှက်အလမ်းက ပြောကြားခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကြောင့် ကျန်းမာရေးလုပ်သားများကို ဖေဖော်ဝါရီ ၁၀ ရက်အထိ အစိုးရက ခွင့်ယူခွင့်ပယ်ဖျက်ခဲ့သည်။



ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် AstraZeneca ကာကွယ်ဆေး အလုံးရေ ခုနစ်သန်း လက်ခံရရှိခဲ့ပြီး အလုံးရေ နှစ်သန်းမှာ အိန္ဒိယနိုင်ငံထံမှ လက်ဆောင်အဖြစ်ရရှိခဲ့ခြင်းဖြစ်ကာ အလုံးရေ ငါးသန်းမှာ Serum Institute of India နှင့် လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။

**ကိုးကား-ပီတီအိုင်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# COVID-19
## ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ လေဝင်လေထွက်ကောင်းမွန်မှုမရှိသော အလုံပိတ်နေရာများကို ရှောင်ကြဉ်ပါ




COVID-19 ကပ်ရောဂါကူးစက်မှုကို လျှော့ချနိုင်ဖို့ ဆောင်ရန်၊ ရှောင်ရန်တွေက ဘာတွေလဲ?
ရှောင်ကြဉ်သင့်တဲ့အရာတစ်ခုကတော့ လူအများအပြားရှိပြီး လေဝင်လေထွက်ကောင်းမွန်မှုမရှိတဲ့ "အလုံပိတ်နေရာများ" ပဲ ဖြစ်ပါတယ်။ ဒီလိုနေရာတွေက COVID-19 ပိုင်းရပ်စ်ပိုးတွေ အကြိုက်ပါပဲ။ လေအေးပေးစက်အသုံးပြုထားတဲ့ အလုံပိတ်နေရာတွေထဲမှာ ဗိုင်းရပ်စ်ပိုးတွေဟာ အချိန်ကြာမြင့်အောင် လွင့်မျောနေနိုင်ပါတယ်။ ကောင်းမွန်တဲ့ လေဝင်လေထွက်စနစ်မရှိတဲ့ အလုံပိတ်အခန်းတွေဟာ ဝေးဝေးရှောင်ရမယ့်အရာပါပဲ။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲနေပြီး အိမ်ထဲမှာလည်း လေဝင်လေထွက်ကောင်းအောင် ပြုလုပ်ထားသင့်ပါတယ်။ လူကျပ်တဲ့အချိန်တွေမှာလည်း ဘတ်စ်ကားအသုံးပြုမှုကို ရှောင်ကြဉ်ပါ။






# မိုင်းဆတ်မြို့နယ်၌ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
မိုင်းဆတ်မြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သိမ်းဆည်းရမိ**

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဖေဖော်ဝါရီ ၄ ရက် ည ၇ နာရီခွဲတွင် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ်ကားလမ်း ဆိုက်ခေါင် လုံခြုံရေးဂိတ်တွင် မိုင်းဆတ်မှ မိုင်းတွမ်းသို့ ကျစေ့ မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၂၆ သိန်းနှင့် အိုက်စ် (မက်သ်အဖက်တမင်း) ၂၅ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ကျစေ့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးများကို မိုင်းပြင်း-မိုင်းဆတ်မှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ ပို့ဆောင်မည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပလပ်ပေါက် အပူရှိန်လွန်ကဲပြီး နေအိမ်တစ်လုံး မီးလောင်

**ပုသိမ် ဖေဖော်ဝါရီ ၇**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့အမှတ်(၆)နယ်မြေ(၅) ဘန့်ဘွေကုန်းလမ်း၌ ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီခန့်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၄၀ တို့က မီးငြိမ်းသတ်ယာဉ် သုံးစီး၊ အထောက်အကူပြုယာဉ် နှစ်စီး၊ ရေသယ်ယာဉ် တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ဒေါ်လှဲ့လှဲ့ထွန်း၏ နေအိမ်ရှိ ပလပ်ပေါက် အပူရှိန်လွန်ကဲရာမှ မီးစတင်လောင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါမီးလောင်မှုကြောင့် ဒေါ်လှဲ့လှဲ့ထွန်းအား ပုသိမ်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ပုသိမ်လှကြည်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉၁ စီး ၊ သွင်းကုန် ၄၅၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၇ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၇၀၀ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ ဖမ်းဆီးမှုတစ်မှု ( ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၆၀၀ သန်း) စုစုပေါင်းဖမ်းဆီးမှု လေးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၈ ဒသမ ၃၀၀ သန်း )သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျ အကောက်ခွန် စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးမှုများဆောင်ရွက်စဉ် 2K- 6660 ယာဉ် တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးများဆိုဒ်စုံ (510 kg) ကို လည်းကောင်း၊ မူဆယ်မှကျောက်မဲသို့ ထွက်ခွာလာသော ခရီးသည်တင်ယာဉ်ငယ်အား စစ်ဆေးရာ ခရီးသည်ကိုယ်သုံးဝန်စည်များထက် ကျော်လွန်ပြီး တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ Used Vivo Handset (Refur) (408 U) နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ ဒသမ ၇၀၀ သန်းကို လည်းကောင်း စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဖေဖော်ဝါရီ ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၅၄ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၇-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၁၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၅၄) ဦး** တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၇-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၇၆၁) ခု | (၁၆) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၁၈၂) ခု | (၃) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မူဆယ်) | (၃၅၀) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၂၉) ခု | (၅) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၂၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၆) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၄၃၂) ခု | (၂၁) ဦး |
| **စုစုပေါင်း** | **(၇,၁၁၂) ခု** | **(၅၄) ဦး** |

COVID-19 နေ့စဉ် စမ်းသပ်တွေ့ရှိရမှုနှုန်း (test positivity rate) မှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| | ၂၉-၁-၂၁ | ၃၀-၁-၂၁ | ၃၁-၁-၂၁ | ၁-၂-၂၁ | ၂-၂-၂၁ | ၃-၂-၂၁ | ၄-၂-၂၁ | ၅-၂-၂၁ | ၆-၂-၂၁ | ၇-၂-၂၁ |
|---|---|---|---|---|---|---|---|---|---|---|
| ဓာတ်ခွဲနမူနာ စုစုပေါင်း | ၁၈,၂၇၁ | ၁၆,၃၂၅ | ၁၆၂၇၉ | ၉,၀၁၉ | ၁၂,၃၇၇ | ၁၁,၁၉၆ | ၁၃,၈၄၆ | ၁၁,၈၃၃ | ၇,၀၈၁ | ၇,၁၁၂ |
| ပိုးတွေ့လူနာ | ၃၆၃ | ၃၄၉ | ၂၈၁ | ၂၀၉ | ၃၁၀ | ၂၆၃ | ၁၇၇ | ၂၀၀ | ၆၅ | ၅၄ |
| ပိုးတွေ့ရှိမှု ရာခိုင်နှုန်း | ၂.၀ | ၂.၁ | ၁.၇ | ၂.၃ | ၂.၅ | ၂.၄ | ၁.၃ | ၁.၇ | ၀.၉ | ၀.၈ |

မှတ်ချက်။ COVID-19 စမ်းသပ်တွေ့ရှိရမှုနှုန်းမှာ ဓာတ်ခွဲစစ်ဆေးသည့် အရေအတွက်ပေါ်၌လည်း မူတည်နေပါသည်။ (၂၉-၁-၂၀၂၁)ရက်နေ့မှ (၇-၂-၂၀၂၁)ရက်နေ့အထိ နေ့စဉ်စစ်ဆေးသော ဓာတ်ခွဲနမူနာများ၏ ပျမ်းမျှအရေအတွက်မှာ (၁၂,၃၃၄) ခု ဖြစ်ပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။**

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**
**(၇-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၇,၁၁၂) ဦး | (၂,၄၆၂,၈၁၁) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၅၄) ဦး | (၁၄၁,၄၂၃) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁၄၁) ဦး | (၁၂၇,၆၈၄) ဦး |
| သေဆုံးလူနာ | (၅) ဦး | (၃,၁၇၅) ဦး |

- ယနေ့ သေဆုံးသူ (၅) ဦးအနက် ရောဂါအခံရှိသူ (၄)ဦး ပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါကုသရေးဌာနများ၊ တပ်မတော်ဆေးရုံများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁၄၁) ဦးတွင် -
  - ဆေးရုံများ - (၈၀) ဦး
  - COVID-19 ရောဂါကုသရေးဌာနများ (ရန်ကုန်မြို့) - (၆၁) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက်မှ ဓာတ်ခွဲအဖြေ Negative ထွက်ရှိခဲ့သူများအား နေအိမ်များတွင် ဆက်လက်၍ အသွားအလာကန့်သတ်ထားရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ချောင်းဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် လှူဒါန်းငွေပေးအပ်

**ချောင်းဦး ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၅ ရက်တွင် ပက်အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အစည်း တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် အလှူငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပက်အပြည်ပြည်ဆိုင်ရာအသေးစားငွေရေးကြေးရေး ဝန်ဆောင်မှု ရန်ပုံငွေအဖွဲ့အစည်း ချောင်းဦးမြို့နယ် မန်နေဂျာ ဒေါ်ရီရီဝင်း ဦးဆောင်သောအဖွဲ့သည် ချောင်းဦးမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်ထံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်ယူရန် ငွေကျပ် ၁၂ သိန်း လှူဒါန်းခဲ့ပြီး မြို့နယ် ကိုဗစ်-၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေး ကော်မတီမှ ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မြို့နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက အလှူငွေကျပ် ၁၂ သိန်းအား အလှူရှင်ကိုယ်တိုင် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပေးသွင်းလှူဒါန်းစေပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်ဆက်)**




## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၇၅၁၄၂၁ | ၁၇၂၆၉၀၄၀ | ၄၇၃၅၄၃ |
| ၂။ | အိန္ဒိယ | ၁၀၈၂၇၃၁၄ | ၁၀၅၂၂၆၀၁ | ၁၅၅၀၃၂ |
| ၃။ | ဘရာဇီး | ၉၄၉၇၇၉၅ | ၈၃၆၃၆၇၇ | ၂၃၁၀၆၉ |
| ၄။ | ရုရှား | ၃၉၆၇၂၈၁ | ၃၄၅၆၂၁၀ | ၇၆၆၆၁ |
| ၅။ | ဗြိတိန် | ၃၉၂၉၈၃၅ | ၁၈၈၉၈၇၂ | ၁၁၂၀၉၂ |
| ၆။ | ပြင်သစ် | ၃၃၁၇၃၃၃ | ၂၃၂၆၉၃ | ၇၈၇၉၄ |
| ၇။ | စပိန် | ၂၉၇၁၉၁၄ | စိစစ်ဆဲ | ၆၁၃၈၆ |
| ၈။ | အီတလီ | ၂၆၂၅၀၉၈ | ၂၁၀၇၀၆၁ | ၉၁၀၀၃ |
| ၉။ | တူရကီ | ၂၅၂၄၇၈၆ | ၂၄၁၂၅၀၅ | ၂၆၆၈၅ |
| ၁၀။ | ဂျာမနီ | ၂၂၈၆၁၂၀ | ၂၀၂၉၂၀၀ | ၆၁၉၉၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၁၅၇၈၃၇ | ၉၄၉၉၉၀ | ၃၁၅၅၆ |
| ၂။ | ဖိလစ်ပိုင် | ၅၃၇၃၁၀ | ၄၉၉၇၉၈ | ၁၁၁၇၉ |
| ၃။ | မလေးရှား | ၂၄၂၄၅၂ | ၁၉၀၃၃၉ | ၈၇၂ |
| ၄။ | မြန်မာ | ၁၄၁၄၂၃ | ၁၂၇၆၈၄ | ၃၁၇၅ |
| ၅။ | စင်ကာပူ | ၅၉၆၉၉ | ၅၉၄၃၃ | ၂၉ |
| ၆။ | ထိုင်း | ၂၃၃၇၁ | ၁၆၉၄၂ | ၇၉ |
| ၇။ | ဗီယက်နမ် | ၂၀၀၁ | ၁၄၇၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၇၄ | ၄၅၄ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၁ | ၁၇၃ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**


# ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်း စစ်တွေမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**စစ်တွေ ဖေဖော်ဝါရီ ၇**
ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းသည် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ ဆရာတော်ကြီးများအား ဖူးမြော်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက်ရှိ တောင်တန်းသာသနာပြု ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ဘောလုံးကွင်းရပ်ကွက်ရှိ ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်ဆရာတော်တို့အားဖူးမြော်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူသည်။ ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဘူး – အမ်း – စစ်တွေ အဝေးပြေးကားလမ်းမကြီးအား နိုင်လွန်ကတ္တရာ(AC) ခင်းခြင်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ ပြည်နယ်လမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးခင်မောင်မြင့်က နိုင်လွန်ကတ္တရာ(AC) ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်သောပစ္စည်းများ စုဆောင်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မီးစက်ကြီးလမ်းဆုံအဝိုင်းမှ စတင်ကာ နိုင်လွန်ကတ္တရာခင်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ မင်းဘူး – အမ်း – စစ်တွေ အဝေးပြေးကားလမ်းမကြီးအား နိုင်လွန်ကတ္တရာ(AC) ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို စစ်တွေမြို့ မီးစက်ကြီးလမ်းဆုံ အဝိုင်းမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံအထိ အကျယ် ၄၈ ပေ၊ အရှည် ၂ မိုင် ၃ ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းကို ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် သန်း၂၃၆၇ ဒသမ ၄၀ ဖြင့် စစ်တွေခရိုင်လမ်းဦးစီးဌာနက ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)





## နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသားများကို လွှဲပြောင်း ပို့ဆောင်ပေး

**တာချီလိတ် ဖေဖော်ဝါရီ ၇**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေထိုင် အလုပ်လုပ်ကိုင်လျက်ရှိသော ထိုင်းနိုင်ငံသားအမျိုးသား ခုနစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်းရှစ်ဦးတို့ကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၅ ရက်တွင် မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှ တစ်ဆင့် လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်းပို့ဆောင်ခြင်းမပြုမီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကာ စနစ်တကျ ပြန်လည်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြသည်။

ထိုင်းနိုင်ငံသားများသည် ကိုဗစ် –၁၉ ကူးစက်ရောဂါ မဖြစ်ပွားသေးခင်အချိန်၌ တာချီလိတ်မြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေထိုင်ခဲ့ကြသူများဖြစ်ကြကြောင်း သိရသည်။

နေရပ်ပြန်လိုသည့်ထိုင်းနိုင်ငံသားများကို တာချီလိတ်မြို့ လဝက ဌာနခွဲ(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူတို့ကပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ထိုင်းနိုင်ငံမှ ကျန်းမာရေးစစ်ဆေးခြင်းကို စနစ်တကျလုပ်ဆောင်ခဲ့ကာ တံတား(၂)တာဝန်ခံ ရဲအရာရှိ Pathpon Onnoul၊ လဝကအရာရှိ Songsok Pakiang နှင့် ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ Priawpurin Manopeaw ဦးစီးသည့်အဖွဲ့တို့က ပြန်လည်လက်ခံခဲ့ကြကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

## ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာ ၁၂ ဦးသာ ကျန်ရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်–၁၉ ရောဂါ အတည်ပြုလူနာ ယနေ့အထိ ၁၂ ဦးသာကျန်ရှိတော့ကြောင်း ညောင်ဦးခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်အောင်ထံမှ သိရသည်။

ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ အတည်ပြုလူနာ စတင်ဖြစ်ပွားချိန်မှစတင်ပြီး ယနေ့အထိ ကိုဗစ်–၁၉ ပိုးတွေ့လူနာ ၁၄၇ ဦးရှိခဲ့ရာ ယနေ့အထိ ဆေးရုံဆင်းသွားသူ ၁၃၅ ဦးရှိနေပြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးတွင် ၁၂ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ကန့်သတ်စောင့်ကြည့်ရေးစခန်း ရှစ်နေရာရှိပြီး မိုးကုတ်ရိပ်သာ၊ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဦး)၊ အခြေခံပညာအထက်တန်းကျောင်း(ပုဂံ)၊ ရွာပုလဲ (အလက)၊ တိုင်းရင်းဆေးရုံ၊ ပုဂံမြန်မာစိတ်တိုင်းကျစားသောက်ဆိုင်၊ Bagan Bertex Hotel၊ မဏိစန္ဒာဟိုတယ်၊ ကုမုဒြာဟိုတယ်တို့တွင် ကန့်သတ်စောင့်ကြည့်ရေးစခန်း ထားရှိအသုံးပြုထားကာ ဝင်ဆံ့ဦးရေ ၄၇၀ ထား၍ရကြောင်း၊ ကိုဗစ်–၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှ ကန့်သတ်စောင့်ကြည့်ရေးစခန်းမှ ၂၁ ရက်ပြည့်၍ မိမိတို့နေအိမ်ပြန်လည်ရောက်ရှိသူ ၂၀၄၆ ဦး၊ ကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ယခုလက်ရှိဝင်ရောက်နေသူ ၁၇၇ ဦး၊ ယနေ့အထိ နှာခေါင်းတို့ဖတ်နမူနာ ရယူစစ်ဆေးသည့်ဦးရေ ၃၂၅၇ ဦး၊ နှာခေါင်း တို့ဖတ်နမူနာ ရယူစစ်ဆေးရန်ကျန်ရှိဦးရေ ၁၄၅ ဦးရှိကာ ယနေ့အထိ ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာ ၁၄၇ ဦး၊ ဆေးရုံဆင်းခွင့်ရရှိသူ ၁၃၅ ဦးရှိကာ ယနေ့အထိ ၁၂ ဦး ဆေးရုံတွင် ကုသစောင့်ကြည့်မှုရှိကြောင်း သိရသည်။

ညောင်ဦးခရိုင် ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့သော ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာများအားလုံး၏ နှာခေါင်းတို့ဖတ် နမူနာရယူ၍ မန္တလေး ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ကြောင်းနှင့် ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ကိုဗစ်–၁၉ ရောဂါ စစ်ဆေးရေးဂိတ်နှင့် စဉ့်ကူနယ်မြေ စစ်ဆေးရေးဂိတ်တို့တွင် COVID–19 RTD Test Kit ဖြင့် စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။

ကိုထိန်

## စက်စက်ယိုကျေးရွာသို့ ညောင်ဦးမြို့ ဥပဒေမိသားစုပရဟိတအဖွဲ့က သောက်သုံးရေလှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ စက်စက်ယိုကျေးရွာသို့ ညောင်ဦးမြို့နယ် ဥပဒေမိသားစုက ယနေ့ နံနက် ၉ နာရီက သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**လှူဒါန်း**

အဆိုပါ စက်စက်ယိုကျေးရွာသို့ သောက်သုံးရေသွားရောက်လှူဒါန်းရာတွင် ညောင်ဦးခရိုင်မီးသတ်တပ်ဖွဲ့မှ ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၃၂၀၀ ကို သွားရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ဥပဒေ မိသားစု (ညောင်ဦး) ပရဟိတအဖွဲ့ ခရိုင်ဥပဒေအရာရှိ ဦးစန်းဝင်းထံမှ သိရသည်။ စက်စက်ယို ကျေးရွာသည် ညောင်ဦးမြို့မှ မိုင် ၃၀ ခန့်အကွာတွင် တည်ရှိပြီး အိမ်ခြေ ၁၈၂ အိမ်၊ လူဦးရေ ၉၀၀ ခန့် နေထိုင်သည့် ကျေးရွာဖြစ်ကာ သျှောင်ပေစူး၊ ဦးစွန်းဖုတ်၊ ဆံတောက်ကေများ အားယနေ့အထိ ရိုးရာဆံကေသာများကို ထိန်းသိမ်းထားသည့် ကျေးရွာလည်းဖြစ်ကြောင်း သိရသည်။ ဥပဒေမိသားစု(ညောင်ဦး) ပရဟိတအဖွဲ့နှင့်အတူ ညောင်ဦးခရိုင်လူဝင်မှုကြီးကြပ်ရေးမှူး ဦးကျော်လွင်ဦး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်၊ ခရိုင်ဥပဒေအရာရှိဦးစန်းဝင်းတို့ လိုက်ပါလှူဒါန်းခဲ့ကြောင်း သိရကာ ညောင်ဦးမြို့နယ် သောက်သုံးရေရှားပါးသည့်ကျေးရွာအမြောက်အမြားရှိကြောင်း သိရသည်။

ကိုထိန်(KPG)

## ထီးချိုင့်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်သင်တန်းဖွင့်



**ထီးချိုင့် ဖေဖော်ဝါရီ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူး၍ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြှင့်တင်ပေးနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်သင်တန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**စာတွေ့ လက်တွေ့ သင်ကြားပို့ချ**

အဆိုပါ သင်တန်းသို့ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မြင့်သန်းနှင့် မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးတို့က အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြုပြင်သင်တန်းကို တက်ရောက်လာကြသော သင်တန်းသားများအနေဖြင့် သင်တန်းတွင်ပို့ချသည့် ပညာရပ်များကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်အောင်သင်ယူကာ လူမှုစီးပွားဘဝများ၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်မှာကြားခဲ့သည်။ ကိုဗစ်– ၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ ဆိုင်ကယ်ပြုပြင်သင်တန်းကို တစ်လကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ဆိုင်ကယ်ပြုပြင်သင်တန်းကို သင်တန်းသား ၁၀ ဦးတက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မွေးကြူဇင်

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၇ နာရီက မြို့နယ် ကိုဗစ် –၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက နှာခေါင်းစည်းစနစ်တကျတပ်ဆင်သွားလာခြင်းမရှိသူများအား အသိပညာပေးခြင်းနှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်သွားလာစေရေး လှုပ်ရှားမှုဆောင်ရွက်ခဲ့ပြီး နှာခေါင်းစည်း အခု ၁၅၀၀ အား အခမဲ့ဖြန့်ဝေပေးကြစဉ်။

ကိုသားကြီး( ကျောက်ကြီး)



**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

**(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)**

၁။ နံနက်ခင်း ရုံးသို့ လာရောက်စဉ်နှင့် ရုံးတက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- **(COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။**
- **(COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။**
- **(COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲ လွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။**

(က) ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင် အချင်းချင်းသတိပေးပြောကြားရန်-

- အိမ်အပြင်သို့ ထွက်ရာတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များကို စောင့်ဆိုင်းသည့်စုရပ်တွင် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာနေပါ။
- ဝန်ထမ်းကြို/ပို့ယာဉ်များပေါ်တွင်စီးနင်းရာ၌ ထိုင်ခုံတစ်ခုတွင် တစ်ယောက်ချင်းစီသာ ဓားလွယ်ခုတ် အနေအထားဖြင့် ခပ်ခွာခွာထိုင်ပါ၊ ထိုင်ခုံတစ်ခုတည်းတွင် တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ မထိုင်ရပါ။

(**မှတ်ချက်**။ အများသုံးယာဉ်များအသုံးပြုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ၊ အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေပါ၊ အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို မကြာခဏ အသုံးပြုပါ။)

(ခ) ရုံး/ဌာနသို့ ရောက်ရှိချိန်နှင့် ရုံးချိန်အတွင်းတွင် အချင်းချင်းသတိပေးပြောကြားရန်-

- ရုံး/ဌာနသို့ ဝင်ရောက်သည့်အခါ (Physical Distancing) မူနှင့်အညီ တစ်ဦးနှင့် တစ်ဦး အနည်းဆုံး (၆)ပေအကွာ ခပ်ခွာခွာ ဝင်ရောက်ပါ။
- ရုံး/ဌာနအတွင်းသို့ မဝင်မီ ဆပ်ပြာနှင့် ရေကို အသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် လက်ဆေးပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- ရုံးဝင်ပေါက်နေရာများတွင် Non-touch thermometer အသုံးပြု၍ ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ပါ။ ပုံမှန် ကိုယ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်အောက်) ရှိမှသာ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါ။
- ရုံးချိန်အတွင်း ဧည့်သည်လက်ခံခြင်း မပြုရပါ။
- ရုံးချိန်အတွင်းတွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။ အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စွန့်ပစ်သည့်အခါ အဖုံးပါသည့် အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ။
- ရုံးတွင်း/ရုံးပြင် စာပေး/စာယူဌာနများတွင် တာဝန်ကျသူများသည် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face Shield)၊ လက်အိတ် (Glove) တို့ကို စနစ်တကျ ဝတ်ဆင်ရပါမည်။
- အလုပ်ခွင်၌ ဝန်ထမ်းတစ်ဦးနှင့် တစ်ဦးအကြား (၆)ပေခွာ၍ အလုပ်လုပ်ပါ၊ တတ်နိုင်သမျှ မျက်နှာချင်းဆိုင်မနေရပါ။ ဖြစ်နိုင်ပါက တစ်ဦးနှင့် တစ်ဦးအကြား စားပွဲတင်ပလတ်စတစ်အကာ (Plastic Cover) အသုံးပြုပါ။
- အခြားသူများနှင့် ထိတွေ့မှု အများဆုံးရှိနိုင်သည့် မျက်နှာပြင်များ (ဥပမာ-အလုပ်စားပွဲမျက်နှာပြင်များ)ကို မကြာခဏ ပိုးသတ်သန့်စင်ပါ။
- ရုတ်တရက် နှာချေခြင်း၊ ချောင်းဆိုးခြင်း ပြုသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ပါ။ အသုံးပြုပြီးတစ်ရှူးကို အဖုံးပါသည့်အမှိုက်ပုံးထဲသို့ စနစ်တကျ စွန့်ပစ်ပါ၊ ပြီးလျှင် လက်ကို စနစ်တကျ ဆေးကြောပါ။
- ရုံးချိန်အတွင်းတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို စက္ကန့် (၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောပါ၊ (သို့မဟုတ်) အယ်လ်ကိုဟော အနည်းဆုံး (၆၀)% ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်ကို အသုံးပြုပါ။
- **လုပ်ငန်းခွင်အတွင်း လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ တစ်ဦးနှင့် တစ်ဦး နီးကပ်စွာ ဆက်ဆံပြောဆိုခြင်း မရှိစေရန် အချင်းချင်းအထူးသတိပေးပါ။**

၂။ ထမင်းစားချိန်တွင်-

- **ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။**
- **အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။**

၃။ ညနေခင်း ရုံးဆင်းချိန်နှင့် အိမ်ပြန်ရောက်ချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

(က) ရုံးဆင်းချိန်တွင် အချင်းချင်းပြောကြားရမည့်အချက်များ

- ရုံး/ဌာနမှပြန်ချိန်တွင်လည်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး (၆)ပေ အကွာ နေထိုင်ခြင်း (Physical Distancing) မူကို လိုက်နာပါ။
- ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ပါ။
- **ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရ ခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာ နှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြား နေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝ မပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ် အကြောင်းကြားပါ။**
- ဝန်ထမ်းကြို/ပို့ယာဉ်များ (သို့မဟုတ်) အများပြည်သူသုံးယာဉ်များကို စီးနင်းချိန်တွင် (၁-က) တွင် ဖော်ပြထားသည့် လိုက်နာရန်အချက်များကို ပြန်လည်သတိပေး ပြောကြား ပေးပါ။

(ခ) အိမ်ပြန်ရောက်ချိန်တွင်လိုက်နာရန်ပြောကြားရမည့်အချက်များ

- အိမ်သို့ပြန်ရောက်ပါက ဆပ်ပြာနှင့်ရေကို အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် လက်ဆေးပါ၊ အဝတ်အစားများကို ဆပ်ပြာဖြင့် မိနစ်(၃၀)စိမ်ပြီးနောက် လျှော်ဖွပ်ပါ၊ ဆပ်ပြာဖြင့် ရေချိုးပါ။
- ကိုယ်လက်သန့်စင်ခြင်းမပြုမီ နေအိမ်ရှိ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် အနီးကပ် ထိတွေ့ခြင်းမပြုရပါ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဘာသာပေါင်းစုံအဖွဲ့တို့ တွေ့ဆုံ



**ပဲခူး ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ကောင်စီဝင်များနှင့်အတူ ယနေ့ နံနက် ၁၀ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံအဖွဲ့ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်၏ အာဏာအရပ်ရပ်ကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ(၁)နှစ်တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးမူဝါဒ၊ အုပ်ချုပ်ရေးနှင့်ပတ်သက်သည့် မူဝါဒ၊ စီးပွားရေးနှင့်ပတ်သက်သည့် မူဝါဒ၊ လက်ရှိသွားနေသည့် နိုင်ငံရေးလမ်းစဉ်အပေါ်တွင် လုံးဝပြောင်းလဲခြင်းမရှိကြောင်း၊ ဆောက်လုပ်ဆဲလုပ်ငန်းများ လုပ်ဆောင်နေသည်များရှိကြောင်း၊ ဆက်လက်၍ စည်းကမ်းနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကောလာဟလ သတင်းများအား Social Media နှင့် တယ်လီဖုန်းစာတိုပေးပို့ခြင်းတို့မှတစ်ဆင့် ဖြန့်ဝေ၍ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းနေမှုများ ပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်လျက် ရှိသည်ကိုလည်း ကြားသိနေရကြောင်း၊ ဒါကြောင့် ဘာသာပေါင်းစုံအဖွဲ့များအနေဖြင့် မိမိတို့၏ ဘာသာတစ်ခုချင်းအလိုက် ကောလာဟလသတင်းများကို မယုံမိစေရန်နှင့် ဘာသာရေး အဓိကရုဏ်းမဖြစ်ပေါ်စေရေး အသိပေးခြင်းများ ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဘာသာပေါင်းစုံ အဖွဲ့ဝင်များက လက်ရှိ နိုင်ငံတော်အစိုးရနှင့်အတူ ဘာသာရေးပဋိပက္ခများ မဖြစ်ပေါ်စေရေး၊ ကောလာဟလ သတင်းအမှားများကြောင့် မိမိတို့ ဘာသာဝင်အချင်းချင်း ပဋိပက္ခများ မဖြစ်စေရန် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ယခုလို ဘာသာပေါင်းစုံအဖွဲ့များက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မည်ကို သိရှိရ၍ ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာသည့်ဘာသာပေါင်းစုံအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင် ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "လူမှုမီဒီယာ၏ အခန်းကဏ္ဍ" မျက်နှာဖုံး ဆောင်းပါးကြီးများပါဝင်သော သုတပဒေသာစာစောင် (ဖေဖော်ဝါရီလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထုတ် သုတပဒေသာစာစောင်တွင် ရဲမြင့်ကျော်၊ မြနှင်း၊ ယဉ်မင်းထွေး (စာပေဗိမာန်)၊ အမရာလင်းတို့၏ "လူမှုမီဒီယာ၏ အခန်းကဏ္ဍ" မျက်နှာဖုံးဆောင်းပါးများ၊ နေမျိုးနိုင်၊ မောင်ပေါ်ထွန်း၊ ထင်ဇော်မှူးသင်တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၊ လင်းထက်သော်တာ၊ ကိုကိုတင် (တရားလွှတ်တော်ရှေ့နေ) တို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ ချိုးငှက်(သံတွဲ)တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ ဒေါက်တာခင်မောင်ညို၊ ထီလာစိုးမြင့်ထယ်၊ ကျော်ရှင်းတို့၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာဆောင်းပါးများ ပါမောက္ခ ဦးသိန်းလှိုင်၊ ဒေါက်တာမြင့်သန်း (သန္ဓေသား)၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ စိုးစိုး(ပန်းတောင်း)၊ ခြယ်မှုန်းသီ၊ ကိုရင်ကျော်၊ ဆောင်းဝင်းလတ်၊ စိန်ဝင်းမော်၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ မော်(သန်လျင်)တို့၏ ဖြစ်ရပ်မှန်၊ ဝတ္ထုတို၊ ဟာသနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူမည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် ဖုန်း ၀၆၇-၃၄၁၄၆၈၀၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆) ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင်အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁- ၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝန်းသိုမြို့နယ်ရှိ ကျေးရွာ ၁၈ ရွာတွင် မြေအောက်ရေ ရနိုင်စွမ်း ရှိ၊ မရှိ တိုင်းတာခြင်း ပြုလုပ်

**ဝန်းသို ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးနှင့် ပူပြင်းခြောက်သွေ့သော နွေရာသီကာလ၌ သောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် ရေရရှိရေးလုပ်ငန်းများကို နှစ်စဉ်ဘတ်ဂျက် လျာထားဆောင်ရွက်ပေးလျက်ရှိရာ စက်ရေတွင်း တူးဖော်ပေးနိုင်ရေး မြေအောက်ရေရရှိနိုင်စွမ်း (Geophysical Survey) တိုင်းတာဆောင်ရွက်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကျေးရွာ ၁၈ ရွာထိ တိုင်းတာဆောင်ရွက်ပြီးစီးခဲ့ပြီ ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ မြို့နယ်က တောင်ကုန်း၊ တောင်တန်းတွေ၊ ချောင်းငယ်၊ မြောင်းငယ်တွေ ပေါတယ်။ ရေရှားသလားဆိုတော့ မရှားဘူး။ ဒါပေမယ့် ပူပြင်းခြောက်သွေ့တဲ့ နွေရာသီမှာတော့ ရေတွင်း၊ ရေကန်တွေ ခန်းတယ်၊ အဲဒီတော့ အဓိကက နွေရာသီ သောက်သုံးရေမပြတ်လပ်ဖို့ ကျွန်တော်တို့ဌာနက စက်ရေတွင်းတွေ တူးဖော်ပြီး မြေအောက်ရေကို ရယူပါတယ်။ ဘူမိဗေဒတိုင်းထွာချက်အရ မြေအောက်လွှာတွေဟာ အလွန့်အလွန်မာကျောတဲ့ ကျောက်လွှာတွေ ပေါတယ်။ ဒါကြောင့် မြေအောက်ရေ ရယူဖို့ စက်ရေတွင်းတွေ တူးဖော်ပေးရာမှာ မြေအောက်ရေ ရနိုင်စွမ်း ရှိ၊ မရှိ တိုင်းတာဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ မလိုအပ်ဘဲ နိုင်ငံတော်ဘတ်ဂျက်တွေ မဆုံးရှုံးစေဖို့လည်းပါပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ပြောသည်။



အဆိုပါ မြေအောက်ရေရရှိနိုင်စွမ်း (Geophysical Survey) တိုင်းတာခြင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီး ဘတ်ဂျက်တို့နှင့် ဆောင်ရွက်မည့် ကျေးရွာ ခုနစ်ရွာ၊ ဖြည့်စွက်ဘတ်ဂျက်၊ မွမ်းမံဘတ်ဂျက်လျာထားတင်ပြထားသောကျေးရွာ နှစ်ရွာ၊ ၂၀၂၁-၂၀၂၂ ဘတ်ဂျက်တွင် ဆောင်ရွက်ရန် စက်ရေတွင်း တူးဖော်ရန် လျာထားတင်ပြထားသော ကျေးရွာကိုးရွာ စုစုပေါင်းကျေးရွာ ၁၈ ရွာ တိုင်းတာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မွေးကြူဇင်**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက ၂၀၁၈ ခုနှစ် စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် ပထမဆုရ "ကေ(တောင်တန်းပြာ)" ရေးသားသည့် "သစ္စာရင်နှင့် ခြားခဲ့ရသောမြေ" စာအုပ်ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန် စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်ကာလအလွန် သပြေစိုက်ပျိုးသည့်တောင်သူများ ဈေးကွက်ကောင်းမွန်ရန် မျှော်လင့်နေ

**ရေတာရှည် ဖေဖော်ဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် စပါး၊ ကြံ၊ ပဲမျိုးစုံ၊ ဖရဲ၊ ပြောင်း အစရှိသည့် သီးနှံများကို အဓိကစိုက်ပျိုးလျက်ရှိပြီး ထို့နည်းတူ တစ်နှစ်တာအချိန်ကာလအတွင်း အကျိုးအမြတ်များစွာရရှိနိုင်သည့် သပြေစိုက်ပျိုးသူများစွာလည်းရှိနေသည်ကို ဒေသအနှံ့အပြား၌ တွေ့ရှိရသည်။

သိုင်းဝအုပ်စု၊ အလယ်မြောင်ကျေးရွာဝန်းကျင်၊ ဆွာမင်းလမ်းကျေးရွာအုပ်စု၊ စည်ပင်အေး၊ သစ်ယာကုန်း၊ ဆီဆုံကုန်း၊ ကုန်းကြီးအုပ်စု၊ အင်ကြင်းကုန်း၊ ကြို့ပင်ထိုက်ကျေးရွာများနှင့် ရေတာရှည်မြို့အရှေ့ဘက် ဘိုးတော်ကုန်းအုပ်စုများတွင် စီးပွားဖြစ်အများအပြား စိုက်ပျိုးထားကြခြင်းဖြစ်ရာ ကိုဗစ်ကာလအတွင်း အရောင်းအဝယ်ဈေးကွက် သိသာစွာကျဆင်းနေခြင်းကြောင့် ကိုဗစ်အလွန်ကာလ၌ အရောင်းအဝယ်ကောင်းမွန်ရန် မျှော်လင့်နေကြခြင်းလည်း ဖြစ်သည်။

"အခုချိန်ကတော့ အညွန့်လာဝယ်သူလောက်ပဲ ရှိသေးတယ်။ အချို့က ဘုရားပန်းထိုးဖို့၊ အချို့ကတော့ ကားဂိတ်တို့ ဆွာတိုးဂိတ်တွေမှာ ကားသမားတွေကို ပြန်ရောင်းဖို့ဝယ်ကြတာ၊ အဓိက လက်ကြီးအဝယ်သမားတွေက နေပြည်တော်နဲ့ တောင်ကြီးဘက်က သူတို့မဆင်းလာနိုင်သေးတော့ အရောင်းအဝယ်အေးနေတယ်"ဟု အင်ကြင်းကုန်းကျေးရွာနေ သပြေပန်းစိုက်ပျိုးထားသူ ကိုအောင်တင်ဝင်းက ပြောသည်။

သပြေပန်းမျိုးကို တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် မဲဖလံဒေသကနေ အပင်ပေါက်တစ်ပင်လျှင် ငွေ ၁၂ ကျပ်နှုန်းဖြင့် ဝယ်ယူကြရပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများအနေဖြင့် အပင်ရေ ၃၀၀၀ ဝန်းကျင်မှ တစ်သိန်းကျော်အထိ စိုက်ပျိုးကြခြင်းဖြစ်သည်။

တစ်ဧက စိုက်ခင်းအတွက် အပင်ရေ တစ်သိန်းကျော်အထိဝင်ဆံ့ပြီး ပျိုးပင်၊ စိုက်ပျိုးထွန်ယက်စရိတ်၊ သွင်းအားစုများဖြစ်သော မြေဩဇာ၊ ပိုးသတ်ဆေးများနှင့် လုပ်သားစရိတ် ငွေကျပ် ၁၆ သိန်းဝန်းကျင် ကုန်ကျကြောင်း၊ တစ်နှစ်သားအရွယ် အပင်လိုက် တစ်ပင်လျှင် အကြီး၊ အသေးပေါ်မူတည်၍ ငွေကျပ် ၁၀၀ မှ ၁၂၀ အထိ ရောင်းချရခြင်းဖြစ်သည်။

"လက်ကြီးသမားတွေကျတော့ အခင်းပြတ်ဝယ်ကြတာရှိတယ်။ အပင်အရေအတွက်လိုက်ကို ဈေးဖြတ်တာ၊ တစ်ဧကလောက်ဆိုရင် ငွေကျပ် သိန်း ၁၂၀ လောက်ဖြတ်တာ၊ ဒါပေမယ့် ငွေကို အပြေအကျေချေတာမျိုးတော့မဟုတ်ဘူး။ ဒီအခင်းကို သူတို့ အပြတ်ဝယ်ထားပြီးသားဆိုရင် တစ်ခေါက်လာရင် အပင်ရေ ၅၀၀၊ ၁၀၀၀ မျိုးယူမယ်ဆိုရင် အဲဒီအတွက်ပဲ ငွေကို ချေသွားတာ၊ ဥပမာအရ အခြားသူကို ရောင်းလို့မရအောင် လုပ်ထားတဲ့သဘောပါပဲ"ဟု ကိုအောင်တင်ဝင်းက ပြောသည်။

စပါးတစ်မျိုးတည်းကို မှီခိုစိုက်ပျိုးခြင်းထက် ယခုလို ဈေးကွက်ဝင် သပြေပန်းကို ထပ်မံစိုက်ပျိုးနိုင်သည့် တောင်သူများအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်ပြီး ဈေးကွက်ပြန်လည်ပွင့်လာစေရန်နှင့် ဈေးကောင်းရရှိရန် မျှော်လင့်နေကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေသို့ ပြည်သူများမှ လှူဒါန်းငွေစာရင်း

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund)
OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၂၁-၁-၂၀၂၁)

(ယမန်နေ့မှအဆက်)

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၂၇၅ | ဒေါ်ချိုချို (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၂၇၆ | မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ် (တောင်ကုတ်မြို့) | ၆၀,၀၀၀ |
| ၂၇၇ | ဦးဇေယျာမင်းစန်း (သာပေါင်းမြို့) | ၂၀၀,၀၀၀ |
| ၂၇၈ | ဒေါ်ချိုနှင်းနှင်းဖွေး (သာစည်မြို့) | ၃၀၀,၀၀၀ |
| ၂၇၉ | ဦးခင်မောင်ဆွေ (ထီးချိုင့်မြို့) | ၃,၀၀၀,၀၀၀ |
| ၂၈၀ | TJOK JEK JIN (Indonesia) | ၁၀၀,၀၀၀ |
| ၂၈၁ | Ratna Dewi Hidayat (Indonesia) | ၁၀၀,၀၀၀ |
| ၂၈၂ | DEWI SUARNI(Indonesia) | ၁၀၀,၀၀၀ |
| ၂၈၃ | KARIM LIM (Indonesia) | ၁၀၀,၀၀၀ |
| ၂၈၄ | Indonesia Dhamma Friends (Indonesia) | ၂,၃၄၂,၀၀၀ |
| ၂၈၅ | Kui Kui (Indonesia) | ၂၅,၀၀၀ |
| ၂၈၆ | ENGELINA WONGSO (Indonesia) | ၈၁၃,၀၀၀ |
| ၂၈၇ | HARTONO (Indonesia) | ၈၁၃,၀၀၀ |
| ၂၈၈ | YENI LAUW (Indonesia) | ၂,၀၂၈,၃၀၀ |
| ၂၈၉ | ဒေါက်တာရွှင်စိန် (ထီးချိုင့်မြို့) | ၁၀၀,၀၀၀ |
| ၂၉၀ | ဦးချစ်ဘင် (မော်လမြိုင်မြို့) | ၁,၀၀၀,၀၀၀ |
| ၂၉၁ | ဦးစိုင်းထွန်း (မော်လမြိုင်မြို့) | ၅၀၀,၀၀၀ |
| ၂၉၂ | ဒေါ်သန္တာမိုး (ထီးချိုင့်မြို့) | ၁၀,၀၀၀ |
| ၂၉၃ | ဒေါ်စန်းသီတာနိုင် (ထီးချိုင့်မြို့) | ၂၀,၀၀၀ |
| ၂၉၄ | ဒေါ်လင်းလင်းမြတ် (ညောင်တုန်းမြို့) | ၁,၆၂၃,၀၀၀ |
| ၂၉၅ | ဦးဇော်ထွန်း (ညောင်တုန်းမြို့) | ၅၀၀,၀၀၀ |
| ၂၉၆ | ဦးဇော်နိုင်လင်း (ညောင်တုန်းမြို့) | ၁,၀၅၀,၀၀၀ |
| ၂၉၇ | ဦးအောင်သန်းလှိုင် (ညောင်တုန်းမြို့) | ၁၆၀,၀၀၀ |
| ၂၉၈ | ဦးချမ်းငြိမ်းဝင်း (ရေနံချောင်းမြို့) | ၅၀,၀၀၀ |
| ၂၉၉ | ဦးအောင်ကျော်မြင့်+ဒေါ်သိန်းသိန်း မိသားစု (ရေနံချောင်းမြို့) | ၁၅၀,၀၀၀ |
| ၃၀၀ | (ဦးသောင်း+ဒေါ်တင်ရီ) ဦးအောင်ခိုင်မော်+ဒေါ်သွေးသွေးဇင် သမီး-မအိအိဘုန်းမော် မိသားစု (ရေနံချောင်းမြို့) | ၁၀၀,၀၀၀ |
| ၃၀၁ | ဒေါ်စောနှင်းနှင်းအေး နှင့် သူငယ်ချင်းများ (ရေနံချောင်းမြို့) | ၁၀၀,၀၀၀ |
| ၃၀၂ | ဒေါ်သန်းဝင်း (မြိတ်မြို့) | ၁၀၀,၀၀၀ |
| ၃၀၃ | (ဦးသောင်း)+ဒေါ်အုန်း မြမှန်းရတနာမိသားစု (ရမည်းသင်းမြို့) | ၁၀၀,၀၀၀ |
| ၃၀၄ | ဦးမြင့်ဆွေ (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၀၅ | ဦးတန်ဟန်ပင် +ဒေါ်ကြူကြူဝင်း (လှိုင်သာယာမြို့နယ်) | ၁၃၅,၂၀၀ |
| ၃၀၆ | ဒေါ်သီရိထွန်း (တောင်ကြီးမြို့) | ၁၀၀,၀၀၀ |
| ၃၀၇ | ဦးအောင်ညို (မြင်းခြံမြို့) | ၂,၀၀၀,၀၀၀ |
| ၃၀၈ | ဦးအောင်သန်း (မြင်းခြံမြို့) | ၁၀၀,၀၀၀ |
| ၃၀၉ | ဒေါ်သိင်္ဂီထွေး (မ/ဥက္ကလာပမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၁၀ | ဒေါ်ခင်ဆွေအေး (မ/ဥက္ကလာပမြို့နယ်) | ၃၅၀,၀၀၀ |
| ၃၁၁ | ဒေါ်ကေသွယ်ဦး (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၂ | ဦးအောင်ခိုင်ဦး (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၃ | ဦးတင်မောင်ဝင်း (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၄ | ဒေါ်ခင်ဝင်းကြည် (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၅ | ဒေါ်ဥမ္မာတင့် (ပခုက္ကူမြို့) | ၁,၀၀၀,၀၀၀ |
| ၃၁၆ | ဦးကျော်တင်+ဒေါ်ခင်နွဲ့ မိသားစု (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၁၇ | ဒေါ်ခိုင်ခိုင်ရင် (ပြည်မြို့) | ၂၀၀,၀၀၀ |
| ၃၁၈ | ဦးကိုကိုအောင် (ပခုက္ကူမြို့) | ၁၀၀,၀၀၀ |
| ၃၁၉ | ဒေါ်မြတ်မွန် (ပြည်မြို့) | ၂၀၀,၀၀၀ |
| ၃၂၀ | ဦးခင်မောင်ဝင်း (ပြည်မြို့) | ၅၀,၀၀၀ |
| ၃၂၁ | ဒေါ်ရွှေဇင်ဝင်း (ပြည်မြို့) | ၁၀၀,၀၀၀ |
| ၃၂၂ | ဦးဖြူဝင်း+ဒေါ်ရီ (နေပြည်တော်) | ၅၀,၀၀၀ |
| ၃၂၃ | စစ်ကိုင်းမြို့၊ပိုးတန်းရပ် ဘုံဆွမ်းလောင်းအသင်း | ၁,၀၀၀,၀၀၀ |
| ၃၂၄ | ဦးမျိုးဝင်း+ဒေါ်လှဲ့လှဲ့ဝင်း သား-မောင်သုတ-မောင်ဇွဲသုခ (နေပြည်တော်) | ၁,၅၀၀,၀၀၀ |
| ၃၂၅ | ဒေါ်စန်းသီတာ (USA) | ၇၀,၀၀၀ |
| ၃၂၆ | ဦးကျော်ကျော်နိုင်+ဒေါ်ကေသီမြလှိုင် မိသားစု (နေပြည်တော်) | ၁၀၀,၀၀၀ |
| ၃၂၇ | ဦးဝင်းဒင်+ ဒေါ်မြနီလာကျော် (ရန်ကုန်မြို့) | ၃,၀၀၀,၀၀၀ |
| ၃၂၈ | ဒေါ်သဲငုံဖူး မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၃၂၉ | ဒေါ်တင်မေ မိသားစု (ပန်းဆိုးတန်းမြို့နယ်) | ၂,၀၀၀,၀၀၀ |
| ၃၃၀ | ဒေါ်ရှုကြင် မိသားစု (ပန်းဆိုးတန်းမြို့နယ်) | ၂၀၀,၀၀၀ |
| ၃၃၁ | ဒေါ်တင်ထွန်း (Quincy,USA) (ပန်းဆိုးတန်းမြို့နယ်) | ၅,၀၀၀,၀၀၀ |
| ၃၃၂ | ဦးအောင်မိုး မိသားစု (ပန်းဆိုးတန်းမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၃၃၃ | ဦးမျိုးဦး+ဒေါ်မိုးသန်းချို (Felix Salon) (ပန်းဆိုးတန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃၄ | ဦးအေးမြင့်ထွန်း +ဒေါ်ပွင့်သီရိဦး (ပန်းဆိုးတန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၃၃၅ | ဦးသူရိန်ထွန်း+ဒေါ်ချိုချိုခိုင် (ပန်းဆိုးတန်းမြို့နယ်) | ၁၀,၀၀၀,၀၀၀ |
| ၃၃၆ | မြတ်နန်းအေး၊ ချိုနွယ်စိုး၊ ဇာနည်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၃၃၇ | ဦးဇော်မျိုးအေး+ ဒေါ်သူဇာဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၃၃၈ | စိုးလွင်ထူး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၃၃၉ | ပြည့်သာခင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၃၄၀ | ဒေါ်နန်းခမ်းဆာအား ရည်စူး၍ ဦးသန်းဇော်+ဒေါ်ဝင်းပပသိန်း ကောင်းမှု | ၁,၃၄၀,၀၀၀ |
| ၃၄၁ | ဦးရဲချစ်+ဒေါ်ဆွေဆွေသန်း (ဗဟန်းမြို့နယ်) | ၅၀၀,၀၀၀ |
| ၃၄၂ | ဒေါ်ကြည်ဆင့် (ကျောက်ပန်းတောင်းမြို့) | ၂၀၀,၀၀၀ |
| ၃၄၃ | ဒေါက်တာကျော်သူဝင်း (TYA)(ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၃၄၄ | ဦးဇော်လင်းအောင် (ကျောက်ပန်းတောင်းမြို့) | ၃၀၀,၀၀၀ |
| ၃၄၅ | ဦးမောင်မောင် (LLY) (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၃၄၆ | ဦးအိထူး (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၃၄၇ | ဦးငြိမ်းမောင် (ကျောက်ပန်းတောင်းမြို့) | ၅၀၀,၀၀၀ |
| ၃၄၈ | ဦးမြင့်လွင် (ပြည်မြို့) | ၂၀၀,၀၀၀ |
| ၃၄၉ | ဦးဖိုးဖြူ (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၃၅၀ | ဦးသိန်းဇော် (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၃၅၁ | ဦးကြည်စိုးဦး (ပြည်မြို့) | ၅၀၀,၀၀၀ |
| ၃၅၂ | အဖေ ဦးကျော်သောင်း၏ နှစ် ၁၀၀ ပြည့်မွေးနေ့အလှူ (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
| ၃၅၃ | ဦးသိန်းထွန်း (မန္တလေးမြို့) | ၃၀၀,၀၀၀ |
| ၃၅၄ | ဦးမင်းမင်းမြတ်+ဒေါ်မီမီလှိုင် (မုံရွာမြို့) | ၃၀၀,၀၀၀ |
| ၃၅၅ | ဦးခင်မောင်အေး+ဒေါ်ချို (မုံရွာမြို့) | ၅၀၀,၀၀၀ |
| ၃၅၆ | ဒေါက်တာကိုကိုလှိုင် (တောင်ကြီးမြို့) | ၂၀၀,၀၀၀ |
| ၃၅၇ | ဦးလင်းညွန့်မောင်+ ဒေါ်ဝေမိုးလွင် (ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၃၅၈ | ဦးခင်မောင်စန်း+ဒေါ်နန္ဒာဝင်း (ရန်ကုန်မြို့) | ၃၀၀,၀၀၀ |
# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၌ ရေရရှိရေးလုပ်ငန်း ၁၈၁ ခုဆောင်ရွက်မည်

**မုံရွာ ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၌ နွေရာသီတွင် သောက်သုံးရေ လုံလောက်စွာရရှိနိုင်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရေရရှိရေးလုပ်ငန်း ၁၈၁ ခု ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မြို့နယ်၃၇ မြို့နယ်၌ ရေရှားပါးမှုဖြစ်နိုင်သော ကျေးရွာများအား ပြည်ထောင်စုဘတ်ဂျက်ဖြင့် တွင်းတိမ်နှစ်တွင်း၊ တွင်းနက် ၈၂ တွင်း၊ လက်တူးတွင်း သုံးတွင်း၊ ရေကန် တစ်ကန်၊ စိမ့်စမ်းရေသွယ်တန်းခြင်း ၂၃ ခု၊ အခြားဆက်စပ်လုပ်ငန်း ၁၄ ခု စုစုပေါင်း ၁၂၅ ခုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၀၈ ဒသမ ၆၈၈၆ သန်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် တွင်းတိမ် တစ်တွင်း၊ တွင်းနက် ၃၄ တွင်း၊ လက်တူးတွင်း တစ်တွင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း ၁၄ ခုနှင့် အခြားဆက်စပ်လုပ်ငန်းခြောက်ခု စုစုပေါင်း ၅၆ ခုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၉၁၈ ဒသမ ၉၈ သန်းဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

မွေးကြူဖင်

## ကျေးလက်မြေက ရေဒီယို

- မြန်မာ့အသံ စိန်ရတုနှစ် ဖြတ်သန်းရစ် သက်တမ်းချီ၊ ငယ်စဉ်ခါကျေးလက်ည တွေးလျက်ကလွမ်းမိပြီ။
- ရေနွေးကြမ်းနှင့်လက်ဖက်ဗန်းတည် ဝိုင်းဖွဲ့သည်မြေတလင်း။ ကွပ်ပျစ်ညီမှာ ရေဒီယိုချ နားဆင်ကြခြင်း။
- အသံလွှင့်ဇာတ်ဆို သဘောကျ ကွက်စိပ်ကဏ္ဍအံ့မခန်းစရာ၊ လူငယ်တွေ စိတ်ရှင်လန်းတဲ့ ဇာတ်လမ်းပမာ။
- ဘိုးဘိုးတို့နားဆင်စရာ ဇာတ်သဘင်ပါ အငြိမ့်ခန်း သီချင်းကြီးသရုပ်ပေါ် အဟုတ်နော် လွမ်းပါရတယ် တွေးဆရှုမှန်း။
- မြူးကြွထံတျာ ဆိုင်းကဏ္ဍ မပျက်တမ်းပဲ့ နားဆင်တာ၊ စိန်ဘမောင် ဦးဟန်ပတို့ကို စွဲလမ်းရအဖိုးသာ။ ရီရလို့ အူတက်ကာ သဘောကျစရာ နားဆင်ပေး၊ သောကြာမှာ သည်ကဏ္ဍ ဟဒယရွှင်ဆေး။
- တို့ငယ်စဉ်နားဆင်ကြ တစ်ချိန်က ပုံပြင်လက်ဆောင်၊ ကလေးတွေရင်မှာစွဲ အမြဲနားထောင်။
- သီချင်းပဟေဠိ လွန်ဆွဲဆောင် မြန်တိုင်းဘောင်တစ်ခွင်လုံး၊ သတင်းဖုံဖုံ သီချင်းစုံလင်စွာရယ်နဲ့ တို့ငယ်စဉ်ရွာမှာဆုံနေကြပါပဲ လသာသာ ရေဒီယိုညကို လွမ်းတကာပြီး။ ။

ဝင်းတင့်ဦး(ကြံခင်း)



# ရွှေတိဂုံစေတီတော်မြတ်ကြီး ဖူးမြော်ကြည်ညိုနိုင်ရေး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများသို့ ပန်ကြားလွှာ

COVID-19 ကမ္ဘာ့ကပ်ရောဂါကြီး ဖြစ်ပွားနေသည့်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၉-၄-၂၀၂၀ ရက်နေ့မှစ၍ ဘုရားဖူးမြော်ခွင့် ၁၀ လကျော်ကြာ ယာယီရပ်ဆိုင်းခဲ့ရာမှ ယခုအချိန်အခါတွင် COVID-19 ရောဂါကာကွယ်၊ တားဆီးရေး၊ ကုသရေးလုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုအား အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်အရ ဘုရား၊ ပုထိုး၊ စေတီများအား အချိန်၊ လူဦးရေကန့်သတ်ချက်များဖြင့် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ၈-၂-၂၀၂၂ ရက်နေ့မှစ၍ ပြန်လည်ဖူးမြော်ခွင့် ပြုပေးသွားမည်ဖြစ်ပြီး လူစုလူဝေးဖြင့် အလှူအတန်းပြုလုပ်ခြင်းများအား ခွင့်မပြုသေးပါကြောင်း ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ပန်ကြားအပ်ပါသည်-

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအား ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအစဉ်

(၁) ၈-၂-၂၀၂၂ ရက်နေ့နှင့် ၉-၂-၂၀၂၂ ရက်နေ့များတွင် ရဟန်းသံဃာ၊ သီလရှင်များ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၂) ၁၀-၂-၂၀၂၂ ရက်နေ့တွင် အသက်အရွယ်ကြီးရင့်သူများ၊ မသန်စွမ်းပြည်သူများ ဖူးမြော်နိုင်ရေး ဦးစားပေး ခွင့်ပြုသွားပါမည်၊

(၃) ၁၁-၂-၂၀၂၂ ရက်နေ့မှစ၍ ရဟန်း၊ ရှင်များနှင့် ပြည်သူများ ဖူးမြော်နိုင်ရေး ခွင့်ပြုသွားပါမည်၊

(၄) ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ရာတွင် နေ့စဉ် နံနက် ၀၆ ၀၀ အချိန်မှ ၀၇ ၀၀ အချိန်အထိလည်းကောင်း၊ နံနက် ၀၈ ၀၀ အချိန်မှ ၀၉ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက် ၁၀ ၀၀ အချိန်မှ မွန်းလွဲပိုင်း ၁၁ ၀၀ အချိန်အထိ လည်းကောင်း၊ နံနက်ပိုင်း ၃ ကြိမ်၊ မွန်းလွဲပိုင်း ၁၃ ၀၀ အချိန်မှ ၁၄ ၀၀ အချိန်အထိလည်းကောင်း၊ မွန်းလွဲပိုင်း ၁၅ ၀၀ အချိန်မှ ၁၆ ၀၀ အချိန်အထိလည်းကောင်း၊ ညနေ ၁၇ ၀၀ အချိန်မှ ၁၈ ၀၀ အချိန်ထိလည်းကောင်း၊ မွန်းလွဲပိုင်း ၃ ကြိမ် ဖူးမြော်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ တစ်ကြိမ်လျှင် ၅၀၀ ဦးနှုန်းဖြင့် တစ်ရက်လျှင် ၆ ကြိမ် စုစုပေါင်း ၃၀၀၀ ဦး ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ပါသည်၊

(၅) တစ်ကြိမ်လျှင် အရှေ့ဘက်စောင်းတန်းမှ ၂၀၀ ဦး၊ အနောက်ဘက်စောင်းတန်းမှ ၁၅၀ ဦး၊ တောင်ဘက်စောင်းတန်းမှ ၅၀ ဦးနှင့် မြောက်ဘက်စောင်းတန်းမှ ၁၀၀ ဦး၊ တစ်ကြိမ်လျှင် စုစုပေါင်း ၅၀၀ ဦး ဖူးမြော်နိုင်မည်ဖြစ်ပါသည်၊

(၆) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအပ ဓာတ်လှေကားဖြင့် တက်ရောက်ခြင်း ခွင့်မပြုသေးပါ၊

(၇) ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်ချိန်အဖြစ် ဘုရားဖူးရန် တစ်ကြိမ်လျှင် ၁ နာရီ ခွင့်ပြုမည်ဖြစ်ပါသည်၊

(၈) ဘုရားဖူးပြည်သူများသည် အသင့်ပြုလုပ်ထားသော Form များတွင် ကိုယ်ရေးအကျဉ်း (အမည်၊ အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းနံပါတ်၊ နေရပ်လိပ်စာ) အား ဖြည့်စွက်ပေးရမည်ဖြစ်ပါသည်၊ ပိုမိုမြန်ဆန်စေရေးအတွက် ၎င်းကိုယ်ရေးအကျဉ်းကို မိမိအစီအစဉ်ဖြင့် ကြိုတင်ရေးသားယူလာနိုင်ပါသည်၊

(၉) ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား တက်ရောက်လာသည့် မုခ်ဦးများမှသာ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

## ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များ

(၁) ဖျားခြင်း (ကိုယ်အပူချိန် ၁၀၀.၄°F / ၃၈°C ထက်ကျော်လွန်ခြင်း)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ရုတ်တရက် အနံ့အရသာပျောက်ဆုံးခြင်း စသည့် COVID-19 သံသယလက္ခဏာတစ်ခုခုရှိနေလျှင် ဘုရားဖူးလာရောက်ခြင်း လုံးဝမပြုရပါ၊

(၂) ဘုရားဖူးပြည်သူများအနေဖြင့် ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ တပ်ဆင်လာရမည်၊ အသက်(၆၀) အထက် အသက်အရွယ်ကြီးရင့်သူများ၊ ဆီးချို၊ သွေးတိုး စသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် မျက်နှာအကာ(Face Shield)များကိုပါ တွဲဖက်၍ တပ်ဆင်လာရပါမည်၊

(၃) ဘုရားဖူးပြည်သူများ၏ ကိုယ်ရေးအချက်အလက်နှင့် ဖုန်းနံပါတ်များကို သတ်မှတ် Form များနှင့် မှတ်တမ်းစာအုပ်များတွင် မှတ်တမ်းတင်ထားရှိခြင်းလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ရမည်၊

(၄) ဘုရားဖူးပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးချက်များနှင့် နှိုးဆော်ချက်များကို တိကျစွာ လိုက်နာရမည်၊

(၅) ဘုရားသို့ စတင်ဝင်ရောက်ခြင်းမပြုမီ၊ ဘုရားရှိခိုးပြီးသည့်အခါတိုင်း (လက်ကို ကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးသည့်အခါ) နှင့် ဘုရားဖူးပြီး၍ ဘုရားမှ ထွက်သည့်အခါတွင် စောင်းတန်းအဝင်ဝ၊ ဘုရားရင်ပြင်နှင့် ထွက်ပေါက်များရှိ လက်ဆေးဘေစင်များတွင် ဆပ်ပြာနှင့် ရေကို အသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် စနစ်တကျဆေးကြောခြင်း(သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) အသုံးပြုခြင်းတို့ကို ဆောင်ရွက်ပါ၊

(၆) ဘုရားရှိခိုးပြီးတိုင်း (လက်ကိုကြမ်းပြင်(သို့မဟုတ်) ဘုရားရင်ပြင်နှင့် ထိတွေ့ပြီးတိုင်း) လက်ကို စနစ်တကျချက်ချင်း ပြန်လည်ဆေးကြောနိုင်ရန် အယ်ကိုဟောလ် အနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်(Hand Sanitizer) ဗူးသေးများ ယူဆောင်လာ၍ အသုံးပြုရမည်၊

(၇) စောင်းတန်းဝင်ပေါက်များ၌ တာဝန်ရှိသူများက Non-contact thermometer (သို့မဟုတ်) Thermal Scanner များဖြင့် အပူချိန်တိုင်းတာခြင်းကို ခံယူရမည်၊

(၈) ဘုရားဖူးပြည်သူများအနေဖြင့် စောင်းတန်းဝင်/ ထွက်ပေါက်များနှင့် ရင်ပြင်ပေါ်တို့တွင် တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ တက်ရောက်/ ဖူးမြော်နိုင်ရေး သတ်မှတ်ထားသည့်အတိုင်း စနစ်တကျ တိကျစွာလိုက်နာရမည်၊

(၉) ဘုရား၊ ပုထိုး၊ စေတီများ၏ ပရိဝုဏ်အတွင်းရှိ ဇရပ်၊ တန်ဆောင်းများ၌ အချိန်ကြာမြင့်စွာ ပူဇော်ခြင်း၊ ခေတ္တနားနေခြင်း၊ ဝိုင်းဖွဲ့စားသောက်ခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းတို့ကို လုံးဝရှောင်ကြဉ်ရမည်၊

(၁၀) ဘုရားဖူးပြည်သူများအနေဖြင့် အသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးတစ်ရှူးစက္ကူများကို အဖုံးပါသော အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်ရမည်၊

(၁၁) ဘုရားပုထိုးစေတီများသို့ ကုသိုလ်ယူသွားရောက်ခဲ့ပြီးနောက် (၇) ရက်အတွင်း ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ ဆေးကုသမှုခံယူရပါမည်။

## တိုင်းဒေသကြီး / ပြည်နယ်ရှိ ဘုရား၊ ပုထိုး၊ စေတီများ ဖူးမြော်နိုင်မည့်အစီအစဉ်

(၁) ၈-၂-၂၀၂၂ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီများကို ဖူးမြော်ကြည်ညို ခွင့်ပြုသွားမည်ဖြစ်ပါသည်၊

(၂) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID-19 ထိန်းချုပ်၊ တားဆီး၊ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်ကြည်ညိုရမည်ဖြစ်ပါသည်၊

(၃) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ရဟန်းရှင်လူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားရှိသည့် ဆောင်ရွက်ရမည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(၄) နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဘုရားပုထိုးစေတီ ဂေါပကအဖွဲ့ဝင်များအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ၃၃ ချက်အား ဂေါပကအဖွဲ့များက တာဝန်ယူဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိရမည်ဖြစ်သည်၊

(၅) သက်ဆိုင်ရာ ဘုရားပုထိုးစေတီဂေါပကအဖွဲ့များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်နှင့်ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်သည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

# ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန် သင်တန်း စုစုပေါင်း(၁၃၇)မျိုး၊ သင်တန်းသားဦးရေ ၂၀၀၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရေး လျှောက်လွှာများ ခေါ်ယူသွားမည်

(၂၀၂၁) ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်ခေါ်ယူရေးကိစ္စရပ်များနှင့်ပတ်သက်၍ (၁-၇-၂၀၂၀) ရက်နေ့တွင် ပြုလုပ်သော ဘွဲ့လွန်ဆေးပညာသင်ကြားရေးအဖွဲ့ အစည်းအဝေး(၁/၂၀၂၀)နှင့် (၄-၂-၂၀၂၂)ရက်နေ့တွင် ကျင်းပသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/၂၀၂၂) တို့၏ သဘောတူညီချက်အရ ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့လွန်သင်တန်း စုစုပေါင်း(၁၃၇) မျိုး၊ သင်တန်းသားဦးရေ(၂၀၈၂)ဦးခန့်ဖြင့် ဖွင့်လှစ်နိုင်ရေးကို (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယပတ်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်အလိုက် လျှောက်လွှာများ ခေါ်ယူမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

| စဉ် | တက္ကသိုလ် | ဒီပလိုမာ | မဟာသိပ္ပံ | ပါရဂူ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | ဆေးတက္ကသိုလ်များ | ၇ | ၃၁ | ၄၇ | ၈၅ |
| ၂။ | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များ | ၂ | ၁၀ | ၉ | ၂၁ |
| ၃။ | သူနာပြုတက္ကသိုလ်များ | ၁ | ၉ | ၁ | ၁၁ |
| ၄။ | ဆေးဘက်ဆိုင်ရာနည်းပညာ တက္ကသိုလ်များ | ၁ | ၃ | ၃ | ၇ |
| ၅။ | ဆေးဝါးတက္ကသိုလ်များ | - | ၄ | ၄ | ၈ |
| ၆။ | ပြည်သူ့ကျန်းမာရေးတက္ကသိုလ် | ၁ | ၂ | ၁ | ၄ |
| ၇။ | အခြေခံကျန်းမာရေးတက္ကသိုလ် | - | ၁ | - | ၁ |
| | စုစုပေါင်း | ၁၂ | ၆၀ | ၆၅ | ၁၃၇ |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ငွေကြေးဆိုင်ရာ ကောလာဟလများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော်  ဖေဖော်ဝါရီ ၇**

ငွေကြေးဆိုင်ရာ ကောလာဟလများ၊ ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖေဖော်ဝါရီ ၃ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများပေါ်မူတည်၍ ကျပ် ၅၀၀၀/- တန်၊ ကျပ် ၁၀၀၀၀/- တန် ရုပ်သိမ်းမည်ဆိုပြီး ကောလာဟလများနှင့် ဘဏ်များပိတ်သိမ်းမည်ဆိုသည့် သတင်းမှားများ ထွက်ပေါ်လျက်ရှိသည်ကို ကြားသိရပါကြောင်း၊ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့ စိုးရိမ်ပူပန်ပြီး ဘဏ်များတွင် ငွေများထုတ်ယူနေသည်ကို ကြားသိနေရပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပြီး ဘဏ်များအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြပါကြောင်း။

ပြည်သူများအနေဖြင့် ငွေကြေးနှင့်ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများအပေါ် စိုးရိမ်မှုများမရှိဘဲ ယုံကြည်စိတ်ချစွာဖြင့် ဆက်လက်သုံးစွဲနိုင်ပါကြောင်းနှင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ဆောင်ရွက်ရန် ဘဏ်များသို့လည်း ညွှန်ကြားပြီးဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်ဟု ဖော်ပြထားသည်။

**သတင်းစဉ်**



## ဒေသတွင်းတိုင်းရင်းသား လုပ်ငန်းရှင်အသင်းအဖွဲ့များ စုပေါင်းပါဝင်သည့် ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေးအသင်း ဖွဲ့စည်း

**မြစ်ကြီးနား  ဖေဖော်ဝါရီ ၇**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်နယ်အတွင်းနှင့် ပြည်ပကုန်စည် ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်း အခက်အခဲများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဒေသတွင်း တိုင်းရင်းသား လုပ်ငန်းရှင်အသင်းအဖွဲ့များ စုပေါင်းပါဝင်သည့် ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေးအသင်းကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၁၁ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့သည်။

ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေးအသင်း ဖွဲ့စည်းတည်ထောင်ရေးအတွက် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်က မိမိတို့ ပြည်နယ်ကောင်စီအနေဖြင့် ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ တိုးတက်ဖွံ့ဖြိုးလာစေရေးကို ဦးတည်၍ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့တက်ရောက်လာကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် မိမိတို့၏ စီးပွားရေးအပြင် ပြည်နယ်နှင့် နိုင်ငံအကျိုးစီးပွားအပေါ် အမှန်တကယ်လိုလားပြီး ပြည်နယ်အတွင်းနှင့် တစ်ဖက်တရုတ်နိုင်ငံတို့တွင် ကုန်စည်ပစ္စည်းများ ပို့ဆောင်/တင်ပို့ရာတွင် ဆက်သွယ်ဆောင်ရွက်နိုင်ရေးအတွက် ခိုင်မာတောင့်တင်းသည့် ကုန်စည်ပို့ဆောင်ရေးအသင်းကြီးတစ်သင်း ဖွဲ့စည်းတည်ထောင်ရန် အချင်းချင်းဆွေးနွေးတိုင်ပင်ကြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေးအသင်းဖွဲ့စည်းနိုင်ရေးအတွက် ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင် ဦးဆောင်၍ ဒေသတွင်းတိုင်းရင်းသားလုပ်ငန်းရှင်အသင်းအဖွဲ့များဖြစ်သည့် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းနှင့် ပြည်နယ်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများက အသင်း၏ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အကြံပေးအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာရင်းစစ်အဖွဲ့ဝင်များကို ဆန္ဒပြုရွေးချယ်အတည်ပြုခဲ့ကြပြီး လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရေး၊ ခရိုင်(၄)ခုလုံးတွင် ဒုတိယဥက္ကဋ္ဌများခန့်ထား ဆောင်ရွက်ရေး၊ အကြံပေးအဖွဲ့ဝင် ဥပဒေပညာရှင်တစ်ယောက် ထည့်သွင်းလျာထားရေး၊ ပြည်နယ်ကောင်စီအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များအတွက် ညွှန်ကြားရေးမှူး တစ်ဦးတို့ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး အသင်း၏ လိုအပ်ချက်၊ အခက်အခဲများကို ညှိနှိုင်းဆောင်ရွက်နိုင်ရေး အားနည်းချက်၊ အားသာချက်များကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီထံ တင်ပြနိုင်ရေး ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**




## အညာမြေလတ်ဒေသ၌ ထန်းဖိုဦးထန်းလျက်အသစ်များ ဈေးကောင်းရနေ

**မကွေး  ဖေဖော်ဝါရီ ၇**

ထန်းဖိုဦးထန်းလျက်ရာသီချိန် ထန်းလျက်အသစ်ပေါ်ချိန်တွင် ထန်းလျက်အသစ်များ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ ကျော်ဈေးဖြင့် မကွေးမြို့ပေါ်မှ ထန်းလျက်ပွဲရုံများက ဈေးမြှင့်ပေးကာ ဝယ်ယူသောကြောင့် ထန်းတောင်သူများ အဆင်ပြေလျက်ရှိကြောင်း မကွေးမြို့နယ် ကြာကန်ကျေးရွာမှ ဒေသခံ ထန်းတက်သမားတစ်ဦးက ပြောသည်။

"ထန်းဖိုဦးထန်းတွေ ပြင်နေပါပြီ။ ထန်းလျက်အသစ်တစ်နေ့ လေးငါးပိဿာလောက်တော့ ရနေပါပြီ။ တစ်နေ့ကို ငွေကျပ် တစ်သောင်းလောက်တော့ ဝင်ငွေရနေပါတယ်" ဟု မကွေးမြို့နယ် ကြာကန်ရွာမှ ထန်းတက်လုပ်ငန်းလုပ်ကိုင်သူ ကိုဇော်က ပြောသည်။ မကွေးတိုင်းဒေသကြီး မကွေး၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်မြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့တွင် လည်းကောင်း ထန်းဖိုဦး ထန်းပြင်ခြင်းလုပ်ငန်း၊ ထန်းတက်ခြင်း၊ ထန်းလှီးခြင်းလုပ်ငန်းများ စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း သိရသည်။

**မကွေး ဝင်းမောင်**

## ကျွန်းလှမြို့နယ်၌ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ကျွန်းလှ  ဖေဖော်ဝါရီ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စီမံကိန်းလုပ်ငန်းအားသာချက် အားနည်းချက်နှင့် ရှေ့လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာသစ်စီမံကိန်းလှုပ်ရှားမှု စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ အား ခရိုင်စိုက်ပျိုးရေးဦးစီးမှူးက လွှဲပြောင်းပေးအပ်ရာ ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က လက်ခံရယူကြကြောင်း သိရသည်။

ကျွန်းလှမြို့နယ် လွှတ်တိုက်ကျေးရွာအုပ်စု မဒေါင်ကျေးရွာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်ပြီး ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ဝင်ငွေတိုးပွားရေးကဏ္ဍ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ လူနေမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

### ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း။ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

### ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေး ကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ် ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက် တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေး များကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

### ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင် မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

### ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစား နေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက် ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့် ပါသည်။

### ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

### ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘုယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

### ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီး ပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင် ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

---

## COVID-19 ကာကွယ်ဆေးနှင့် ပတ်သက်သောမေးခွန်းနှင့်အဖြေများ (အပိုင်း-၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။
(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ်တွင်မူတည်ပါသည်။
မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယ တစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ - အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ–**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်တည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**
**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။** ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဒေါ်ခင်သန်း

## အသက် (၉၅) နှစ်

တောင်ကြီးမြို့နေ (ဦးလောလူ-ဒေါ်နန်းလူ)တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁) ရပ်ကွက်၊ အမှတ်(၂၂)၊ ကမ္ဘောဇရိပ်သာနေ [ဗိုလ်မှူးကြီးသိန်းမောင်(ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဦးဆန်နီဝင်း-ဒေါ်Betty ဝင်း(Perth)၊ Dr.ခင်လဲ့ယု-Dr.ဦးတင်မောင်ထွေး၊ Dr.သန်းသန်းနွယ်-Archie Oo Myint (UK)၊ Dr.သီတာသိန်းမောင် - Dr.ဦးဇော်ဝင်း၊ ဦးမျိုးဝင်းတို့၏ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်သန်းသည် ၆-၂-၂၀၂၂ (စနေနေ့) နံနက် ၁၁:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၁၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးအောင်ချစ် (ငြိမ်း)

**ကြည်း/၉၈၄၁ (OTS-29)**

**ပုဂံ/ညောင်ဦး ကောင်စီဥက္ကဋ္ဌ၊ ဒု-လ/ထစစ်ထောက်ချုပ်**

**ဒု-ညွှန်ကြားရေးမှူး (နယ်စပ်/စည်ပင်)၊ ငြိမ်း**

## အသက် (၈၃) နှစ်

ရန်ကုန်မြို့နေ (ရုံပိုင်ချုပ် ဦးဘဒင်-ဒေါ်ရွှေညွှန့်)တို့၏သား၊ (ဦးရှိန်-ဒေါ်ရီ)တို့၏သားသမက်၊ ဒေါ်ခင်နွဲ့ (ခ) ဆရာလေး ဒေါ်ခေမာဝတီ၏ ဒါယကာကြီး၊ (ဦးစိန်ထွန်းအောင်)-ဒေါ်နီနီဝင်း၊ ဒုတိယဗိုလ်မှူးကြီးသက်ထွန်းနိုင် (စတက-၇၊ မြစ်ကြီးနား)-ဒေါ်စိမ့်စိမ့်မိုးဆန်၊ ဦးအေးကျော် (ညွှန်ကြားရေးမှူးချုပ်၊လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန)-ဒေါ်မိုးသီတာအောင်ချစ် (လဝက-ငြိမ်း)တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ရှစ်ယောက်၊ မြစ်လေးယောက်တို့၏ချစ်လှစွာသောဘိုးဘိုးကြီးသည် ၆-၂-၂၀၂၂ (စနေနေ့) ည ၁၀:၁၈ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ အေးမြသီတာလမ်းနှင့် မြနန်းဇေယျာလမ်းထောင့်၊ အိမ်အမှတ်(553-A)နေအိမ်၌ လူကြီးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၀-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးအောင်ချစ် (ငြိမ်း)

**ကြည်း/၉၈၄၁ (OTS-29)**

**ပုဂံ/ညောင်ဦး ကောင်စီဥက္ကဋ္ဌ၊ ဒု-လ/ထစစ်ထောက်ချုပ်**

**ဒု-ညွှန်ကြားရေးမှူး (နယ်စပ်/စည်ပင်)၊ ငြိမ်း**

## အသက် (၈၃) နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်ရပ်ကွက်၊ အမှတ်(၃)၊ သုဒဿနလမ်းနေ (ရုံပိုင်ချုပ် ဦးဘဒင်-ဒေါ်ရွှေညွှန့်)တို့၏သား၊ ဒေါ်တင်တင်ဥ၊ (ဒေါ်ယဉ်ယဉ်မြင့်)၊ (ဦးကျော်ဇော)-ဒေါ်ခင်မြ၊ (ဦးမောင်မောင်ညွှန့်)တို့၏ညီ/မောင်၊ (ဗိုလ်မှူးစန်းအောင်)-ဒေါ်သန်းသန်းစိန်(ဒု-လ/ထ ညွှန်ကြားရေးမှူး၊ စက်မှု-၂)တို့၏ အစ်ကိုသည် ၆-၂-၂၀၂၂ (စနေနေ့) ည ၁၀:၁၈ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ အေးမြသီတာလမ်းနှင့် မြနန်းဇေယျာလမ်းထောင့်၊ အိမ်အမှတ်(553-A)နေအိမ်၌ လူကြီးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၀-၂-၂၀၂၂ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

## ဒေါ်သိန်းရီ

**အထက(၂)၊ လှိုင်သာယာ (ငြိမ်း)**

## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၃၀)၊ ဗထူး(၆)လမ်း၊ (၂) ရပ်ကွက်နေ ဦးလှထွန်းဖြူ(ရှေးဟောင်းသုတေသနပညာဌာန၊ ပါမောက္ခဌာနမှူး-ငြိမ်း၊ ဒဂုံတက္ကသိုလ်)၏ဇနီး၊ မအေးမြစံ၊ မသီရိစံ(မြပန်ဝါကုမ္ပဏီ)၊ ကိုရဝေစိုးတို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်သိန်းရီသည် ၆-၂-၂၀၂၂ ရက် ည ၁၁:၄၅ နာရီတွင် ကောင်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၂၂ (သောကြာနေ့)တွင် အမှတ်(၃၀)၊ ဗထူး(၆)လမ်း၊ (၂) ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း ဒါယိကာမကြီး**

## ဒေါ်သိန်းရီ

**အထက(၂)၊ လှိုင်သာယာ (ငြိမ်း)**

## အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၀၆)၊ ဦးမောင်မောင်စိုးလမ်း၊ အေဝမ်းခြံနေ (ဦးအောင်သာဦး-ဒေါ်အေးလှ)တို့၏သမီး၊ [ဦးလှထွန်းဖြူ(ရှေးဟောင်းသုတေသနပညာဌာန၊ ပါမောက္ခဌာနမှူး-ငြိမ်း၊ ဒဂုံတက္ကသိုလ်)] ၏ဇနီး၊ (ဦးထွန်းရှိန်)-ဒေါ်ခင်ဝင်း၊ ဦးတင်အောင်-(ဒေါ်ခင်သန်း)၊ ဦးခင်မောင်ရွှေ-(ဒေါ်အေးသောင်း)တို့၏ညီမ၊ ဦးချစ်သန်း၊ ဦးငွေလှိုင်-ဒေါ်ရီရီဝင်း၊ ဦးထင်ကျော်လင်း၊ ဒေါ်ခင်ယုမော်၊ ဒေါ်ယုယုလင်းတို့၏ချစ်လှစွာသောအစ်မကြီးသည် ၆-၂-၂၀၂၂ ရက် ည ၁၁:၄၅ နာရီတွင် ကောင်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမောင်နှမများ

---

**ရဟန်း၊ ကျောင်းအစ်မကြီး**

## ဒေါ်နီလာ (သီတာနီလာစာပေ)

## အသက်(၅၆) နှစ်

(ဦးအုံးရွှေ-ဒေါ်အေး)တို့၏မြေး၊ ဒေါ်ကျင်သန်း(သတင်းစာကိုယ်စားလှယ်-မရမ်းကုန်း)၏ချစ်လှစွာသောသမီး၊ ဦးဝင်းမောင်-ဒေါ်သီတာ(သီတာစာပေ)တို့၏ညီမ၊ မခိုင်ခိုင်နှင်း၊ (မောင်ရဲရန်နိုင်)၊ မခိုင်ဇင်ဦး(ခိုင်ဇင်ဦးစာပေ)၊ မောင်ဟန်မင်းလွင်-မဟေမာတို့၏အစ်မ၊ မမြတ်သိင်္ဂီကျော်၊ မမေသူခင်၊ မမျိုးပြည့်ပြည့်အောင်၊ မောင်အောင်ဟိန်းသန့်တို့၏ချစ်လှစွာသော အဒေါ်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၃၇)၊ လမ်း(၃၀)နေ ဒေါ်နီလာ(သီတာနီလာစာပေ)သည် ၆-၂-၂၀၂၂ (စနေနေ့) ည ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ တိုက်(၁၀)၊ အခန်း(၇)၊ ရွှေရဲရိပ်မွန်အိမ်ရာ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာမြင့်ဝင်း

**နက္ခတ်ဗေဒင်၊ လက္ခဏာ**

**BAMAM Phol.Ph.D (Astro)**

**Dip.in Astrology**

**International University of Astrological Science**

**Kolkata India**

## အသက် (၄၈) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၃၂)၊ ပထမထပ်နေ ရဲတကက(ငြိမ်း) (ဦးသာကျော်)-ဒေါ်ကျော့စိန်တို့၏သား၊ ရဲတကက ဦးမြင့်ဦး၏ညီ၊ (ဦးလှဝင်း)၊ ဒေါ်အေးအေးဝင်း၊ ဒေါ်သီတာဝင်းတို့၏ အစ်ကို၊ တူ/တူမ ငါးယောက်တို့၏ ချစ်လှစွာသောဦးလေးသည် ၆-၂-၂၀၂၂ (စနေနေ့) နံနက် ၃ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၈-၂-၂၀၂၂ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## နော်ကြည်သန်း

## အသက်(၇၉) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ ခဝဲခြံ(၁)လမ်း၊ အမှတ်(၆၁၆)နေ (ဦးဘစိန်-ဒေါ်လှမြင့်)တို့၏သမီး၊ (ဦးစွီးယား-ဒေါ်ကျင်ညွှန့်)တို့၏သမီးချွေးမ၊ (ဦးအောင်ဝင်း)၏ဇနီး၊ ကိုမျိုးမင်း-မရီတာထွယ်ရာ၊ ကိုထွန်းထွန်းဝင်း-နော်ဒေလီဝေ၊ မစုစုဝင်းတို့၏မိခင် နော်ကြည်သန်းသည် ၆-၂-၂၀၂၂ (စနေနေ့) နံနက် ၆:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးရဲမြင့်

## အသက် (၇၆) နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ A.B.M ကျောင်းလမ်းနေ အငြိမ်းစားအထက်တန်းရှေ့နေကြီး (ဦးကျော်ညွှန့်-ဒေါ်အေးရင်)တို့၏သား၊ (ဒေါ်ခင်ငွေးဝင်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမိုးမြင့်)-ဒေါ်စန္ဒာ၊ တပ်ကြပ်(ညီညီစိုး)၊ ဦးမောင်ရွှေ-ဒေါ်ဝတ်ရည်မြင့်၊ ဦးမင်းမင်း-ဒေါ်သဲသဲတို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၆-၂-၂၀၂၂ ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ ရက် ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ချောင်းသူမေ

## အသက် (၇၃) နှစ်

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်နေ (ဦးစံရဲဖော်-ဒေါ်ရွှေမြသူ)၊ ပေါက်တောမြို့နယ်၊ ချောင်းနွယ်ကျေးရွာနေ (ဦးစိန်ထွန်းအောင်-ဒေါ်ချစ်ဖြူ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးသာဒင်၏ဇနီး၊ ဦးမင်းနိုင်-ဒေါ်စန္ဒာဦး၊ ဦးချစ်နိုင်ထွန်း-ဒေါ်ရီရီစော၊ ပဲခူးမြို့၊ မော်ကန်(၆)လမ်း၊ အမှတ်(၈၄၆)နေ ဦးစံလင်းထွန်း-ဒေါ်ပပဝင်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၆-၂-၂၀၂၂ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်မြင့်သန်း

## အသက် (၇၁) နှစ်

(ဦးဘသန်း-ဒေါ်တင်မြင့်)တို့၏သား၊ (ဦးချစ်လှိုင်-ဒေါ်ခင်ပြုံး)တို့၏ သားသမက်၊ ဦးအေးကျော်-ဒေါ်ခင်မြင့်မြင့်သန်းတို့၏မောင်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာ(၂)လမ်း၊ အမှတ်(၂၁)နေ မအေမီကျော်၊ မောင်ကင်နီကျော်တို့၏ချစ်လှစွာသောဖခင်၊ ဒေါ်စုစုလှိုင်၏ခင်ပွန်းသည် ၆-၂-၂၀၂၂ (စနေနေ့) ညနေ ၃:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၂၂ (သောကြာနေ့) နံနက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာ(၂)လမ်း၊ အမှတ်(၂၁)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မြင့်သန်း(Managing Director)

**Aquanmarine Moon Co.,Ltd**

## အသက် (၇၀)

ကျွန်တော်/ကျွန်မတို့၏ Aquanmarine Moon Co.,Ltd မှမန်နေးဂျင်း ဒါရိုက်တာဦးကျော်မြင့်သန်းသည် ၆-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Aquanmarine Moon Co., Ltd**

**ဒါရိုက်တာ နှင့် ရုံးအဖွဲ့များ**

---

အနိစ္စ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးအောင်ချစ် (ငြိမ်း)

**ကြည်း/၉၈၄၁ (OTS-29)**

**ပုဂံ/ညောင်ဦး ကောင်စီဥက္ကဋ္ဌ၊ ဒု-လ/ထစစ်ထောက်ချုပ်**

**ဒု-ညွှန်ကြားရေးမှူး (နယ်စပ်/စည်ပင်)၊ ငြိမ်း**

## အသက် (၈၃) နှစ်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးကျော်-ဒေါ်မိုးသီတာအောင်ချစ် (လဝက-ငြိမ်း)တို့၏မွေးသဖခင်ကျေးဇူးရှင်သည် ၆-၂-၂၀၂၂ (စနေနေ့) ည ၁၀:၁၈ နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ အေးမြသီတာလမ်းနှင့် မြနန်းဇေယျာလမ်းထောင့်၊ အိမ်အမှတ်(553-A)နေအိမ်၌ လူကြီးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**

**ပစ္စည်းစီမံရေးဌာန**

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးကျော်မြင့်သန်း(Director)

**EON ENGINEERING AND GENERAL TRADING Co.,Ltd**

## အသက် (၇၀)

ကျွန်တော်/ကျွန်မတို့၏ Aquanmarine Moon Co.,Ltd မှမန်နေးဂျင်း ဒါရိုက်တာဦးကျော်မြင့်သန်းသည် ၆-၂-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**EON ENGINEERING AND GENERAL TRADING Co.,Ltd**

**Managing Director နှင့် ရုံးအဖွဲ့များ**

---

## ဦးမျိုးသိန်း

**AGTI-Civil အင်းစိန် ၁၉၈၀ R.SE (0678) Construction**

**Zay Yar Nann Co.,Ltd Construction (Director)**

## အသက် (၆၇) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေးလမ်းမတန်း၊ အမှတ်(၁၈၅)နေ (ဦးသင်-ဒေါ်မြညွှန့်)တို့၏သား၊ (ဆရာကြီးဦးညွှန့်မောင်-ဒေါ်အေးကြွယ်)တို့၏သားသမက်၊ (ဦးသိန်းထွန်း)-ဒေါ်မူမူအောင်၊ ဦးစိုးတင့်-နော်ခင်မေဦး၊ ဦးမြင့်ဦး-ဒေါ်ယဉ်ယဉ်မြတို့၏ညီ၊ ဦးမြအေး-ဒေါ်နွဲ့နွဲ့စန်း၊ ဦးတင်အေး-ဒေါ်ညိုညိုစန်းတို့၏ အစ်ကို၊ ဒေါ်အေးအေးလွင်၏ခင်ပွန်း၊ ကိုမျိုးမင်းအောင်-မလဲ့မွန်စိုး၊ မတင်နီလာမျိုးတို့၏ချစ်လှစွာသော ဖခင်၊ မောင်ဟန်ရဲထက် (ခ) လရောင်၏အဘိုးသည် ၆-၂-၂၀၂၂ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၂-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၂၂ (သောကြာနေ့)တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ ဈေးကလေးလမ်းမတန်း၊ အမှတ်(၁၈၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန်-ပြည်-အောင်လံ-မကွေး လမ်းပေါ်ရှိ ကြေးနီချောင်းတံတား အဆင့်မြှင့်တင်တည်ဆောက်



ကြေးနီချောင်းတံတား အဆင့်မြှင့်တင်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်အား တွေ့ရစဉ်။

**မကွေး ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ရန်ကုန်-ပြည်-အောင်လံ-မကွေး လမ်းပေါ်ရှိ ကြေးနီချောင်းတံတား အဆင့်မြှင့်တင်တည်ဆောက်ရေး စီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားအုတ်မြစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

ရန်ကုန်-ပြည် ရထားလမ်းပိုင်းဖြစ်သော ပြည်-အောင်လံ-မကွေး ကားလမ်းပေါ်ရှိ အောင်လံမြို့ အထွက်၌ ကြေးနီချောင်းတံတား အဆင့်မြှင့်တင်တည်ဆောက်ရေး စီမံကိန်းအား ဆောင်ရွက်နေခြင်းဖြစ်ပြီး ကြေးနီချောင်းတံတားသစ် တည်ဆောက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရရှိရန်ပုံငွေကျပ်သန်း ၁၀၀၀ အကုန်ကျခံကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃)မှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်၍ တည်ဆောက်ရေးအဖွဲ့(၃)မှ ကျွမ်းကျင်အင်ဂျင်နီယာ ၁၅ ဦးနှင့် ကာယဉာဏလုပ်သားအင်အား ၁၀၀ ကျော်တို့ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ◆


ကြေးမုံ ယနေ့ ဖတ်စရာ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ဆေးရုံများမှ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများသို့ လွှဲပြောင်းကုသ**

စာမျက်နှာ » ၉

**ဟူသီလက်နက်ကိုင်အဖွဲ့အား နိုင်ငံတကာအကြမ်းဖက်အဖွဲ့အစည်းစာရင်းမှ အမေရိကန်ထုတ်ပယ်**

စာမျက်နှာ » ၁၁

**အိန္ဒိယမြောက်ပိုင်း၌ ရေခဲတောင်ပြိုကျမှုကြောင့် လူ ၁၅၀ ခန့် ပျောက်ဆုံးနေ**

စာမျက်နှာ » ၁၂

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်၌ ရေရရှိရေးလုပ်ငန်း ၁၈၁ ခု ဆောင်ရွက်မည်**

စာမျက်နှာ » ၂၅


## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နေပြည်တော်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# မြန်မာအသင်း ယှဉ်ပြိုင်မည့် ၂၀၂၂ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ကျင်းပမည့်ရက်များ သတ်မှတ်



၂၀၁၉ အာရှဖလား ယူ-၂၀ အမျိုးသမီးပြိုင်ပွဲ (ယခင် အာရှ ယူ-၁၉ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ)တွင် ခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာအမျိုးသမီးအသင်း။

**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာအမျိုးသမီး လူငယ်ဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၂ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲကျင်းပမည့် ကာလများကို အာရှဘောလုံးအဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်လိုက်ပြီဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယခင်က ယင်းပြိုင်ပွဲနှစ်ခု၏ ပထမအဆင့်ခြေစစ်ပွဲများကို မတ်လနှင့်ဧပြီလတို့တွင် ကျင်းပရန် စီစဉ်ထားသော်လည်း အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် ကျင်းပမည့်ကာလ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲနှစ်ခု၏ ပထမအဆင့်ခြေစစ်ပွဲကို ဩဂုတ်လနှင့် စက်တင်ဘာလ၊ ဒုတိယအဆင့်ခြေစစ်ပွဲကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားပြီး အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အုပ်စုပွဲများကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁၄ ရက်မှ ၂၂ ရက်၊ ဒုတိယအဆင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ■